# ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်၊ အင်္ဂါနေ့ (17-12-2013) (၇၆၉၇)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူတန်အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျစ်မီခေဆာ နန်းဂျဲလ်ဝန်ချွတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှာရင်း တော့ဂေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နာဂိုယာမြို့ရှိ တိုယိုတာမော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံသို့သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဂျပန်နိုင်ငံ နာဂိုယာမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၈ နာရီတွင် နာဂိုယာမြို့အနီးရှိ တိုယိုတာမော်တော်ယာဉ်ထုတ်လုပ်သည့်စက်ရုံသို့ ရောက်ရှိရာ တိုယိုတာကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နာဂိုယာမြို့မှ ကိုဘေးမြို့သို့ အမြန်ရထားဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ကိုဘေးမြို့ ANA Crown Plaza Kobe ၌ Kansai Economic Federation (Kankeiren) စီးပွားရေးအဖွဲ့အစည်းများ၏ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထိုမှတစ်ဆင့် ဂျပန်နိုင်ငံ ကျိုတိုမြို့ Kinkakuji ဘုန်းကြီးကျောင်းသို့ ရောက်ရှိပြီး ရွှေသမင်ကျောင်းတော်နှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

Kinkakuji ဘုန်းကြီးကျောင်းကို ကျိုတိုခေတ် ၁၃၉၇ ခုနှစ်တွင် Shogun Ashikaga Youshimitsu က စတင်တည်ထောင်ခဲ့ပြီး ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့၍ ယခုအခါ အမျိုးသားအထိမ်းအမှတ်နေရာနှင့် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရှိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုယိုတာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား လက်ဆောင်ပေးအပ်စဉ်။**

(သတင်းစဉ်)

## တစ်ပြည်လုံးတွင် အအေးပိုနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဒီဇင်ဘာ ၁၆ ရက် နံနက် ၆ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ လေအေးများတိုးဝင်လာမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ညအပူချိန်များ လျော့နည်းခဲ့ပြီး သိသိသာသာ အအေးပိုနေခဲ့သည်။

မိုးလေဝသအခြေအနေ ခန့်မှန်းချက်များအရ ယနေ့မွန်းတည့်မှ နောက်ငါးရက်အတွင်း တစ်ပြည်လုံးတွင် မိုးရွာသွန်းမှုလျော့နည်းပြီး ဆက်လက်အအေးပိုနေနိုင်သည်ဟုခန့်မှန်းကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ငွေဆောင်ကမ်းခြေ ရွက်လှေရွက်လွှင့်ပြိုင်ပွဲများ၏ ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



**ငွေဆောင် ဒီဇင်ဘာ ၁၆**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပသော ရွက်လှေရွက်လွှင့်ပြိုင်ပွဲများ၏ ဒုတိယနေ့ပြိုင်ပွဲပွဲစဉ်များကို ငွေဆောင်ကမ်းခြေ၌ ပြိုင်ပွဲအမျိုးအစား ၁၂ မျိုးဖြင့် နိုင်ငံပေါင်းခြောက်နိုင်ငံမှ ဆက်လက်ယှဉ်ပြိုင်ရာ မြန်မာအသင်းသည် HALF RATER (OPEN) နှစ်ယောက်တွဲ ပြိုင်ပွဲတွင် အဆင့်(၁)နေရာမှရပ်တည်၍ ယှဉ်ပြိုင်လျက်ရှိသည်။**(ဝဲပုံ)**

အဖွဲ့လိုက် (၁၅) နှစ်နှင့် (၁၅) နှစ်အောက်အဖွဲ့လိုက် ရွက်လှေပြိုင်ပွဲ (Optimist Team နှင့် HALF RATER (OPEN) နှစ်ယောက်တွဲ ရွက်လှေပြိုင်ပွဲများကို ဒီဇင်ဘာ ၁၇ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ကျန်ပြိုင်ပွဲများကို ရပ်နားထားမည်ဖြစ်သည်။ **(သတင်းစဉ်)**




ကြေးမုံစာတည်းရှုထောင့် ၁၇-၁၂-၂၀၁၃၊ အင်္ဂါနေ့

# အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ မြို့ပြများ ဖွံ့ဖြိုးတိုးတက်ရုံဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီဟု ပြော၍မရပါကြောင်း၊ ပြည်နယ်၊ မြို့နယ်များ၊ နယ်စပ်တစ်လျှောက်ရှိ ကျေးရွာများတိုးတက်ရန် လိုပါကြောင်း၊ အဆိုပါကွာဟချက်ကို ဖယ်ရှားပေးနိုင်ရန်အတွက် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် လိုပါကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးက ငါးကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးတွင် မိန့်ကြားခဲ့သည်။

ထို့အပြင် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း ဟူသည့် အချက်တစ်ချက်ကိုလည်း ထောက်ပြခဲ့သေးသည်။

နိုင်ငံတော်သမ္မတကြီးမိန့်ကြားသကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးကို အကြောင်းပြုရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဟူသည့် ဝန်းကျင်နှစ်ရပ် ထိခိုက်မှုမရှိသော၊ ထိခိုက်မှုအနည်းဆုံးသာဖြစ်စေသော လုပ်ငန်းများကို စိစစ်ရွေးချယ်လုပ်ကိုင်နိုင်ကြရမည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန်အတွက် အကောင်းဆုံးသော စီးပွားရေးလုပ်ငန်းများမှာ နိုင်ငံတော်သမ္မတကြီး မိန့်ကြားသွားသကဲ့သို့ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများသည် မှန်ကန်ထိရောက်သောလုပ်ငန်းများဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပါသည်။ အစိမ်းရောင်စီးပွားရေးဖြစ်သည့် လယ်ယာထွက်ကုန်များ ဈေးကွက်သို့တင်ပို့နိုင်ရေးနှင့် ဖြန့်ဖြူးနိုင်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အသက်သွေးကြောပမာ အရေးပါလာသည်။ ယခုအခါ ကျေးလက်နှင့်မြို့ပြ၊ နယ်စပ်နှင့်တောင်ပေါ်မကျန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသောကြောင့် ထိုလုပ်ငန်းများ အဆင်ပြေနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ခြောက်သောင်းကျော်သည် တောင်ပေါ်မြေပြန့် နိုင်ငံအနှံ့တည်ရှိနေသည်။ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ကိုဗဟိုပြု အစိမ်းရောင်စီးပွားရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး မိန့်ကြားသကဲ့သို့ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသဖြင့် ဖွံ့ဖြိုးတိုးတက်လာသောအခါ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု ရုပ်လုံးပေါ်လာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးမှုကို အလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ကျေးလက်ဒေသများ၏ အဓိကလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေရရှိရေးအပြင် မြို့ပြနှင့်ကျေးလက်၊ ကျေးလက်နှင့်ကျေးလက် ဆက်သွယ်ရေး ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုနေသော ကျေးလက်ဒေသများတွင် လျှပ်စစ်မီးနှင့်သောက်သုံးရေ လုံလောက်စွာရရှိလာပြီး မြို့ပြနှင့်ကျေးလက်ဆက်သွယ်ရေး အခက်အခဲမရှိ ပေါက်ရောက်လာသောအခါ နိုင်ငံတော်သမ္မတကြီး လမ်းညွှန်မိန့်ကြားထားသည့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေး အောင်မြင်စွာ ပေါ်ထွန်းလာမည်မှာ အမှန်ဖြစ်သည်။

အစိမ်းရောင်စီးပွားရေးဟူသည် ဒေသ၏ ရေမြေအခြေအနေ၊ သဘာဝပတ်ဝန်းကျင်ရှိ တောတောင်အနေအထား ပကတိအခြေအနေမှန်များနှင့် အံဝင်ခွင်ကျဖြစ်စေမည့် ဒေသကို ကြီးစွာအထောက်အကူဖြစ်စေမည့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကောင်းများပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတကြီးလမ်းညွှန်ထားသည့်အတိုင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးတည်သည့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး အောင်မြင်စေရန်အတွက် လူအင်အား၊ ငွေအင်အား၊ နည်းပညာအား၊ ကူညီပံ့ပိုးမှုအားများဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မှ စာအောင်သံဃာတော်များ၏ ဩဝါဒခံယူပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မှ စာအောင်သံဃာတော်များ၏ ဩဝါဒခံယူပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက မန္တလေးမြို့ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တပဏ္ဍိတဝရာဘိဝံသတို့အမှူးပြုသော နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စာအောင်သံဃာတော် ၅၂ ပါး၊ စာသင်သားသံဃာတော် ၃၅၀ နှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရက လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြမည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မှ စာအောင်သံဃာတော်များအား ဩဝါဒကထာမြွက်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး၏ ပစ္စုပ္ပန်သံသရာကောင်းကျိုးကို ရည်မျှော်၍ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ဆည်းကပ်စေရန် ဝေလံခေါင်းပါးသည့်ဒေသများသို့ပါ ထေရဝါဒဗုဒ္ဓသာသနာစည်ပင်ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေသည်နှင့်အညီ ယခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ သာသနာ့တက္ကသီလ မဟာဓမ္မာစရိယတန်းကျမ်းစာတင်သွင်းပြီး သံဃာတော် ၂၂ ပါးနှင့် သာသနာ့တက္ကသီလ ဓမ္မာစရိယတန်း စတုတ္ထနှစ် စာအောင် သံဃာတော် ၇၆ ပါးတို့ကို လက်တွေ့ဆောင်ရွက်နိုင်သည့်အတွေ့အကြုံရရှိအောင် ဒေသအသီးသီးသို့ စေလွှတ်ခြင်းဖြစ်ကြောင်း၊ စာသင်သားသံဃာတော်တို့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တို့၌ လေးနှစ်ကြာ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပါဠိ၊ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် ဗုဒ္ဓဒေသနာပြန့်ပွားရေးဘာသာရပ်များကို လေ့လာသင်ကြားပြီးဖြစ်၍ နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်သော ဝိနည်းကျင့်ဝတ်တို့ကိုကျင့်သုံး၍ အမိတက္ကသိုလ်ကြီး၏ ဂုဏ်ကိုမြှင့်တင်နိုင်သော ရှေ့ဆောင်စံပြစာသင်သားများဖြစ်အောင် ကြိုးစားစေလိုကြောင်း လျှောက်ထားခဲ့သည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၇-၁၂-၂၀၁၃ (အင်္ဂါနေ့)

| | |
|---|---|
| ၅း၄၀ | "(၃၂)လုံးပုတီးကုန်းပျောက်ဆုံးယခုခေတ်" တရားတော် [ဆရာတော်ဘဒ္ဒန္တကုန္ဒောဘာသမဟာထေရ်(အနိစ္စဆရာတော်)] |
| ၆း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၄၃) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၂၆) |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း- ၂၆) |
| ၉း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ပျော်ချစ်သူလေး" (အပိုင်း-၂၉) |

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

[illegible] ၁၆

| | | | |
|---|---|---|---|
| ရန်ကုန် ရွှေ[illegible] | [illegible] | - | ၆၅၄၅၀၀ |
| မန္တလေး ရွှေဈေး | ၆၅၃၃၀၀ | - | ၆၅၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၉၁၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၄၉. ၉ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၂. ၆၃ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၇၅ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၀. ၆၅၉ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၆၀ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၇၈၉ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၅၁. ၇၈ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၂၄၄ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၈. ၇၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း









❒ နိုင်ငံတော်သမ္မတမှ

ညနေ ၆ နာရီတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကျိုတိုမြို့ Mimiu Japanese Noodle Restaurant ၌ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe က တည်ခင်းဧည့်ခံသည့် ဂျပန်ရိုးရာညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါညစာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုသည့်ဟိုတယ်သို့ ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ကျိုတိုမြို့ Kinkakuji ဘုန်းကြီးကျောင်းရှိ ရွှေသမင်ကျောင်းတော်နှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။**

(သတင်းစဉ်)

# အမျိုးသမီးဘောလုံးပြိုင်ပွဲ ထိုင်းအသင်းဂိုးပြတ်နိုင်

သတင်းနှင့်ဓာတ်ပုံ - တင်မောင်(မန္တလေးကိုယ်ပွား)

**မန္တလေး ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မန္တလေးဇုန်တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် ပွဲစဉ်ပြိုင်ပွဲများကို မန္တလေးမြို့ရှိ မန္တလာသီရိအဆင့်မြင့် အားကစားကွင်း၌ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ ညနေ ၄ နာရီက (ခ)အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် တစ်ပွဲနိုင်ထားသည့် ထိုင်းအမျိုးသမီးဘောလုံးအသင်းနှင့် တစ်ပွဲရှုံးထားသော လာအိုအမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအမျိုးသမီးဘောလုံးအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲဆက်သွားသည်။ **(ယာပုံ)**

ယနေ့ပြိုင်ပွဲတွင် ထိုင်းအမျိုးသမီးဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၁၁ မိနစ်တွင် ကျောနံပါတ်(၁၁) AINON PHANCHA က ပထမတစ်ဂိုး၊ ကျောနံပါတ် (၁၇) ANNOTSARA MAIJARERN က ၂၅ မိနစ်တွင် ဒုတိယဂိုး၊ ၄၃ မိနစ်တွင် တတိယဂိုးနှင့် ဒုတိယပိုင်း မိနစ် ၆၀ တွင် စတုတ္ထအနိုင်ဂိုးတို့ကို သွင်းယူပေးနိုင်ခဲ့ပြီး မိနစ် ၈၀ တွင် ကျောနံပါတ် (၁၉) TANEEKARN DANGDA က ပဉ္စမအနိုင်ဂိုး သွင်းယူကာ ပြိုင်ပွဲအပြီး ထိုင်းအသင်းက လာအိုအသင်းကို ငါးဂိုးပြတ်ဖြင့် ခြေစွမ်းပြ အနိုင်ရရှိသွားသည်။

မန္တလေးဇုန်အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပွဲစဉ်အပြီးတွင် (က)အုပ်စုမှ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယရရှိကြပြီး (ခ)အုပ်စုမှ ထိုင်းအသင်းက အုပ်စုပထမ၊ မလေးရှားအသင်းက



အုပ်စုဒုတိယရရှိကြကာ ဒီဇင်ဘာ ၁၈ ရက်တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း၊ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့က ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

# ဆင်ကြီးများကို ငှားရမ်းအသုံးပြုသည့် သားရှင်ပြုအလှူပွဲ

**စစ်ကိုင်း ဒီဇင်ဘာ ၁၆**

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ စစ်ကိုင်းမြို့တွင် မြန်မာ့ယဉ်ကျေးမှုရိုးရာဘာသာရေးဓလေ့အရ သားရှင်ပြုအလှူပွဲများကို ကျင်းပလျက်ရှိကြရာ အလှူရှင်များအနေဖြင့် မိမိတို့သားရှင်ပြုအလှူပွဲတော်ကို ခမ်းနားသည်ထက် ခမ်းနားစည်ကားစေရန် ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ ဆင်ကြီးများကို ငှားရမ်းအသုံးပြုကာ ရှင်လောင်းလှည့်ပွဲများကို ကျင်းပကြကြောင်း သိရသည်။ စစ်ကိုင်းမြို့ အလှူလှည့်ပွဲများတွင် ဆင်များ၊ မြင်းများ၊ ရွှေလှည်းယဉ်ကြော့များနှင့်အတူ ပုဂံဝင်း၊ ရာဇာဝင်းများကို ခင်းကျင်းကာ ခမ်းနားသိုက်မြိုက်စွာကျင်းပကြသည်။ အလှူရှင်များအနေဖြင့် ငွေကြေးတတ်နိုင်လျှင် တတ်နိုင်သလို ခမ်းခမ်းနားနားကျင်းပကြရာ ရှင်လောင်းတင်ရန် ဆင်တစ်စီး ငှားရမ်းခအဖြစ် ကျပ်ငွေ ရှစ်သိန်းခွဲဝန်းကျင်၊ မြင်တစ်စီးလျှင် ကျပ် တစ်သောင်းဝန်းကျင်၊ ရွှေလှည်းယဉ်ကြော့တစ်စီးလျှင် ကျပ်သုံးသောင်းခွဲဝန်းကျင် ပေးကြရကြောင်း သိရသည်။ သားရှင်ပြုအလှူတော်ပွဲရှင်လောင်းလှည့်ရာတွင် ရွှေလှည်းယဉ်ကြော့ ငါးစီးမှ ၁၀ စီးဝန်းကျင်အထိငှားရမ်းအသုံးပြုကြကြောင်း၊ ဆင်ကိုမူ တစ်စီးမှ သုံးစီးအထိသာ ငှားရမ်းအသုံးပြုကြသည်ဟု သိရသည်။

"စစ်ကိုင်းမှာ ကျောက်စိမ်းပုတီးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေကြတော့ အလှူပွဲတွေမကြာခဏ ကျင်းပကြတာကို တွေ့ရတယ်။ ငွေကြေးများများတတ်နိုင်ကြသူတွေကတော့ ဆင်ငှားပြီးရှင်လောင်းလှည့်ကြတယ်။ အလှူပွဲရှင်လောင်းလှည့်ရာမှာ အနည်းဆုံးမြင်းနဲ့ရွှေလှည်းယဉ်ကြော့ကိုတော့ ငှားပြီးလှည့်ကြတယ်။ စစ်ကိုင်းဝန်းကျင်အလှူတွေကတော့ မတ္တရာမြို့က "ပြည်တော်ချစ်"ဆိုတဲ့ဆင်ကြီးကို ငှားကြတာများတယ်။ ဆင်ငှားခက တစ်ပွဲကို ရှစ်သိန်းခွဲပေးရတယ်လို့ သိရတယ်" ဟုအလှူပွဲတွင် ပါဝင်ဆင်နွှဲသူတစ်ဦးက ပြောပြသည်။

မြန်မာ့ယဉ်ကျေးမှုရိုးရာသားရှင်ပြုအလှူတော်ရှင်လောင်းလှည့်ပွဲများကို တခမ်းတနားကျင်းပလေ့ရှိကြရာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များမှာ များစွာစိတ်ဝင်စားလေ့ရှိကြပြီး ရှင်လောင်းလှည့်ပွဲများနှင့် ကြုံတွေ့ပါက ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးမှတ်တမ်းတင်ခြင်းများကို ပြုလုပ်ကြကြောင်း သိရသည်။

**(နန္ဒာမင်းလွင်)**

# မြန်မာအမျိုးသားဟော်ကီအသင်း ပထမဆုံး နိုင်ပွဲရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဆီးဂိမ်းဟော်ကီအုပ်စုပတ်လည်ပြိုင်ပွဲ၌ အမျိုးသားပွဲစဉ် တတိယနေ့ပြိုင်ပွဲတွင် မြန်မာအမျိုးသား ဟော်ကီအသင်းသည် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ မြန်မာအမျိုးသားအသင်းက ဗီယက်နမ်အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအမျိုးသား ဟော်ကီအသင်းအနေဖြင့် အုပ်စုပတ်လည်ပွဲစဉ်သုံးပွဲ ယှဉ်ပြိုင်ခဲ့ရာ၌ ပထမဆုံးအနိုင် ရရှိခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

အမျိုးသားပွဲစဉ် တတိယနေ့ ပထမပွဲစဉ်ကို ထိုင်းနှင့်မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မလေးရှားအသင်းက ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသမီးဟော်ကီပွဲစဉ် တတိယနေ့ ပထမပွဲစဉ်ကို အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့ ကစားကြရာ အင်ဒိုနီးရှားအသင်းက ၁၅ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။



အမျိုးသမီးဟော်ကီ ဒုတိယပွဲစဉ်ကို မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကြရာ နှစ်ဖက်စလုံးမှ ဂိုးမရရှိဘဲ သရေကျခဲ့သည်။

အမျိုးသမီးဟော်ကီ တတိယနေ့ နောက်ဆုံးပွဲစဉ်အဖြစ် စင်ကာပူနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မလေးရှားအသင်းက ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသမီးဟော်ကီ အုပ်စုပတ်လည် စတုတ္ထနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီတွင် လည်းကောင်း၊ အမျိုးသားဟော်ကီအုပ်စုပတ်လည် စတုတ္ထနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် လည်းကောင်း ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်းတွင် ဆက်လက်ကျင်းပမည်ဟု သိရှိရသည်။ **(သတင်းစဉ်)**

# ပိုက်ကျော်ခြင်းပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်အံ့ဟူသော ဆောင်ပုဒ်နှင့်အညီ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် အားကစားပြိုင်ပွဲတစ်မျိုးဖြစ်သော သုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ရုံအမှတ်(B)တွင် ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီမှ စတင်ကျင်းပရာ အမျိုးသမီးပွဲစဉ်များတွင် လာအိုအသင်းနှင့် ထိုင်းအသင်း၊ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အမျိုးသားသုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ ပွဲစဉ်တွင် ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပွဲစဉ်အပြီးတွင် အမျိုးသမီးပိုက်ကျော်ခြင်း (သုံးယောက်တွဲ)ပြိုင်ပွဲတွင် ထိုင်းက ပထမ၊ မြန်မာက ဒုတိယ၊ လာအိုနှင့် ဗီယက်နမ်တို့က တတိယရရှိကြပြီး အမျိုးသား(သုံးယောက်တွဲ) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ထိုင်းက ပထမ၊ မလေးရှားက ဒုတိယ၊ မြန်မာနှင့် လာအိုတို့က တတိယ အသီးသီးရရှိခဲ့ကြသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**



ဗီပါဗုံးများ ကြဲချပြီးနောက် အလက်ပိုမြို့တစ်နေရာမှ အပျက်အစီးများကို တွေ့ရစဉ်။

# နယ်စပ်တွင် လက်ဘနွန်လက်ဖြောင့်တပ်သား ပစ်ခတ်သဖြင့် အစ္စရေးစစ်သည်တစ်ဦး သေဆုံး

ဂျေရုဆလင် ဒီဇင်ဘာ ၁၆

**အစ္စရေးနိုင်ငံနှင့် လက်ဘနွန်နိုင်ငံနယ်စပ်၌ အစ္စရေးစစ်သားတစ်ဦးသည်ကားမောင်းနေစဉ် လက်ဘနွန်ကြည်းတပ်မှ လက်ဖြောင့်သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရကြောင်း အစ္စရေးစစ်ဘက်ကပြောကြားသည်။**

အဆိုပါဖြစ်ရပ်အတွက် အစ္စရေးတို့က လက်တုံ့ပြန်မည်ဟု ခြိမ်းခြောက်ခဲ့သည်ဟုဆိုသည်။

၂၀၀၆ ခုနှစ်တွင် တစ်လကြာစစ်ပွဲဖြစ်ပွားပြီးနောက် အများအားဖြင့် ငြိမ်သက်လျက်ရှိသော ယင်းမတည်ငြိမ်သည့်ဒေသတွင် တနင်္ဂနွေနေ့ နှောင်းပိုင်း၌ ဖြစ်ပွားခဲ့သော ပစ်ခတ်မှုက တိုက်ပွဲများ ထပ်မံပေါ်ပေါက်လာစေနိုင်သည်။

လွန်ခဲ့သည့် ခုနစ်နှစ်က စစ်ပွဲဆင်နွှဲခဲ့သော ဟစ်ဇ်ဘိုလာအုပ်စုသည် အဆိုပါ တနင်္ဂနွေနေ့ ပစ်ခတ်မှုတွင် ပါဝင်ပတ်သက်ဖွယ်ရာမရှိပေ။

လက်ဘနွန်ကြည်းတပ်မှ တပ်ဖွဲ့ဝင်တစ်ဦး ပစ်ခတ်ခြင်းကို လက်ဘနွန်အမျိုးသားသတင်းဌာနက အတည်ပြုသည်။ မည်သည့်အတွက်ကြောင့် ပစ်ခတ်ခြင်းဖြစ်သည်ကိုမူ ရှင်းလင်းစွာ မဖော်ပြပေ။

အစ္စရေးနိုင်ငံ၏ အချုပ်အခြာ ပိုင်ဆိုင်မှုကို မခံမရပ်နိုင်သည်အထိ ချိုးဖောက်ခြင်းဖြစ်သည်ဟု ကန့်ကွက်ထားကြောင်း၊ စစ်ရေးပြင်ဆင်မှုကို အမြင့်ဆုံး ပြင်ဆင်ထားကြောင်း အစ္စရေးကြည်းတပ် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ပီတာလားနားက ပြောသည်။

ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ဘန်ကီမွန်းက ကြေညာချက်ထုတ်ပြန်ရာတွင် နှစ်ဖက်စလုံးအား ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။

**အေပီ။**



လက်ဘနွန်နိုင်ငံ နယ်စပ်၌ အစ္စရေးတပ်ဖွဲ့များ စောင့်ကြပ်နေကြစဉ်။

# အစိုးရလေယာဉ်များက အလက်ပိုမြို့ပေါ် ဗီပါဗုံးများကြဲချ

ဒမတ်စကတ် ဒီဇင်ဘာ ၁၆

**ဆီးရီးယားနိုင်ငံအလက်ပိုမြို့မြောက်ပိုင်း သူပုန်များထိန်းချုပ်ထားသည့် နယ်မြေပေါ်သို့ အစိုးရလေယာဉ်များက ပေါက်ကွဲစေသော ခဲယမ်းများထည့်ထားသည့် ဗီပါများကိုကြဲချခဲ့ကြောင်း အတိုက်အခံလှုပ်ရှားသူများက တနင်္ဂနွေနေ့တွင် ပြောသည်။**

ဗြိတိန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေး လေ့လာရေးအဖွဲ့က ၂၂ဦးသေဆုံး၍ ၎င်းတို့အနက် ၁၄ဦးမှာ ကလေးများဖြစ်ကြောင်းပြောကြားသည်။အဆိုပါတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ဆီးရီးယားအစိုးရက မည်သို့မျှ ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။

ဆီးရီးယားနိုင်ငံ၏ ဒုတိယမြို့တော်သည် သူပုန်တို့ထိန်းချုပ်သောနယ်မြေနှင့် အစိုးရထိန်းချုပ်သောနယ်မြေဟူ၍ နှစ်ပိုင်းကွဲလျက်ရှိသည်။ သူပုန်နယ်မြေများကို အစိုးရလေတပ်က အမြဲတမ်းတိုက်ခိုက်လျက်ရှိသည်။

ယမန်နှစ် သူပုန်များ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးသည့်နောက် မြို့တော်၏ စီးပွားရေးအချက်အချာနေရာများမှာ အကြီးအကျယ်ပျက်စီးခဲ့သည်။

ယခုနောက်ဆုံး တိုက်ခိုက်မှုတွင် စာသင်ကျောင်းတစ်ကျောင်းပျက်စီးခဲ့သည်ဟု သတင်းများကဖော်ပြသည်။

**ဘီဘီစီ။**



# နယ်လ်ဆင်မန်ဒဲလား ကြေးရုပ်တု ပရီတိုးရီးယား၌ ဖွင့်လှစ်

**ပရီတိုးရီးယား ဒီဇင်ဘာ ၁၆**

တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးလူမည်းသမ္မတ နယ်လ်ဆင်မန်ဒဲလား၏ ကြေးရုပ်တုကို ၎င်းအားသင်္ဂြိုဟ်ပြီးသည့်နေ့ နောက်တစ်ရက်တွင် မြို့တော်ပရီတိုးရီးယား၌ ဖွင့်လှစ်လိုက်ကြောင်း တနင်္လာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကြေးဖြင့်သွန်းလောင်းထားသော ပေ ၃၀မြင့်သည့် ရုပ်တုကို အစိုးရရုံးများ ရုံးစိုက်ရာ ယူနီယံအဆောက်အအုံ၌ စိုက်ထူခြင်းဖြစ်သည်။

မန်ဒဲလားရုပ်တု၏ လက်များ ဆန့်ထုတ်ထားခြင်းသည် ၎င်းက တစ်နိုင်ငံလုံးကို ပွေ့ဖက်ထားသည်ဟု အဓိပ္ပာယ်ဖြစ်ကြောင်း သမ္မတဂျာကော့ဇ်ဇူးမားက ပြောကြားသည်။ မန်ဒဲလား၏ ရုပ်ကလာပ်ကို ၎င်း၏ ဘိုးဘွားပိုင်နေအိမ်၌ နိုင်ငံတော်စျာပနအနေဖြင့် တနင်္ဂနွေနေ့တွင် သင်္ဂြိုဟ်ခဲ့သည်။

**ဘီဘီစီ။**

# တရုတ်ပြည်အနောက်ပိုင်း၌ အကြမ်းဖက်မှုဖြစ် ၁၆ ဦးသေဆုံး

ပေကျင်း ဒီဇင်ဘာ ၁၆

တရုတ်နိုင်ငံ၏ အနောက်ပိုင်းဒေသ ရှင်ကျန်းတွင် အကြမ်းဖက်မှု ဖြစ်ပွားသဖြင့် ၁၆ ဦး သေဆုံးကြောင်း ပြည်နယ်သတင်းဌာန ပေါ်တာလ်က ဖော်ပြသည်။

ကတ်ရှ်ဂါမြို့အနီးမှ ကျေးရွာတစ်ရွာတွင် တနင်္ဂနွေနေ့ နှောင်းပိုင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တရားခံဟု ဆိုသူများကို ဖမ်းဆီးရန် ကြိုးစားသော ရဲတပ်ဖွဲ့ဝင်များကို ပေါက်ကွဲစေသောပစ္စည်းများ၊ ဓားများကိုင်ဆောင်ထားသူတို့က တိုက်ခိုက်ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့်ရွာသား၁၄ ဦးသေဆုံးပြီး ရွာသားများ လက်ချက်ဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်း သေဆုံးခဲ့သည်။

ဘီဘီစီ။






# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

**ရန်ကုန်　ဒီဇင်ဘာ　၁၆**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ တည်ထောင်သည့် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံးရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး၌ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဦးအေးမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် စီမံကိန်းနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဦးအေးမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီး ဦးညဏ်ထွန်းဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး**(ယာပုံ)** မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးခန်း အတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပသောအခမ်းအနားသည် မြန်မာနိုင်ငံရှိ အင်ဂျင်နီယာအားလုံးအတွက် ထူးခြားသည့်နေ့တစ်နေ့ဖြစ်ပါကြောင်း၊ မြန်မာအင်ဂျင်နီယာများ ကာလကြာရှည်စွာ အိပ်မက်မက်ခဲ့ရသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို အခိုင်အမာ တည်ထောင်နိုင်လိုက်ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ အဓိကရည်ရွယ်ချက်မှာ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းသည့် နည်းပညာ၊ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးထိန်းသိမ်းမြှင့်တင်ရန်၊ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များကို ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းစောင့်စည်းရေးတို့အတွက် လမ်းညွှန်ကြီးကြပ် ထိန်းသိမ်းပေးရန်၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာတိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များ ထမ်းဆောင်ရန်တို့ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

**ရန်ကုန်　ဒီဇင်ဘာ　၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (၃၂/၂၀၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာ ခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းသင်တန်း၌ မျက်မှောက်ခေတ်နိုင်ငံတကာရေးရာ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာလူမှုဆက်ဆံရေးနီတိ၊ သံတမန်စာနှင့် ရုံးစာများရေးသားခြင်း၊ ဆက်သွယ်ပြောဆိုမှုပညာ စသည်တို့ကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မီးသတ်ဦးစီးဌာန ရေပြင်အသက်ကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၄/၂၀၁၃)သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနတွင် ရေပြင်အသက်ကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၄/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို သဘာဝဘေးအန္တရာယ်များမှ တစ်ခုဖြစ်သော မုန်တိုင်းတိုက်ခတ်မှုမှ ရေကြီးမှုများ၊ သဘော်နစ်မြုပ်မှုများ စသည့် ဘေးအန္တရာယ်များတွင် ဒုက္ခရောက်နေသူများကို ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရေပြင်အသက်ကယ်နည်း စနစ်များနှင့် ရေနစ်သူများအား ရှေးဦးသူနာပြုစုခြင်း နည်းစနစ်များကို တတ်မြောက်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းသို့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၁၆ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**









# စာပေဆုပွဲ ရင်ထဲကြည်လင်

ဦးဟန်ညွန့်(ဥပဒေ)

**စာပေဆုပွဲ**

ဒီဇင်ဘာ ၃ ရက်နေ့ကဖြစ်သည်။ စာပေဆုနှင်းသဘင်အခမ်းအနားကို ရန်ကုန်အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ အလုပ်တွေမအားသည့်ကြားက အားခဲ၍သွားခဲ့သည်။ တစ်နှစ်မှ တစ်ခါကြုံသည့်ပွဲလည်း ဖြစ်သည်။ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို နိုင်ငံတော်ကချီးမြှင့်သည့် စာပေဆုပွဲကြီးလည်း ဖြစ်သည်။ ဆုပွဲတက်ခွင့်ရသူ၏ ရင်ထဲကတွေ့မြင်ခံစားမှုများတင်ပြပါရစေ။

**စာပေ့ကျေးဇူး**

မြန်မာစာပေသည် သမိုင်းတန်ဖိုးကြီးသည်။ ရှေးနှစ်ပေါင်းထောင်ချီကြာပြီ။ အမျိုးဘာသာသာသနာကို ကာကွယ်သည်။ အမျိုးသားယဉ်ကျေးမှုအခြေပြုသည်။ မှန်ကန်သော အတွေးအခေါ် ပေါက်ပွားစေသည်။ ဗဟုသုတပွားများစေသည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်စေသည်။ အမျိုးသားအကျိုးစီးပွားကိုဖော်ဆောင်သည်။ ထို့ကြောင့် စာပေ့ကျေးဇူး အထူးလေးစားသည်။

**စာပေပညာရှင်ကြီးများ**

စာပေပြုစုသူစာပေပညာရှင်ကြီးများ၏ အခန်းကဏ္ဍသည် အင်အားကြီးသည်။ခိုင်မာသည်။ စာပေစွမ်းရည်ဖြင့် နိုင်ငံနှင့်လူမျိုး၏ဂုဏ်တင့်သည်။ ဂုဏ်မြင့်သည်။ လူထုချစ်ခင်သည်။ လူထုယုံကြည်သည်။ စာပေအလင်းရောင်ထွန်းပြောင်ပေးသော စာပေပညာရှင်ကြီးများ၏ ဂုဏ်ကျေးဇူးကား ကြီးမားလှပေသည်။ အကျိုးပြုစာပေများရေးသားကြကုန်သော စာပေပညာရှင်ကြီးများအား နိုင်ငံတော်ကချီးမြှင့်ခြင်းကား မင်္ဂလာတစ်ပါးဖြစ်ပါပေသည်။

**ပညာ၏သရုပ်**

ယခုနှစ်စာပေဆုပေးပွဲတွင် နိုင်ငံတော်ဒုတိယသမ္မတဦးဉာဏ်ထွန်းကိုယ်တိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။ ပြောကြားချက်များအနက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးခဲ့သော "ပညာ၏သရုပ်"ကို ဒုတိယသမ္မတကဖော်ညွှန်းသွားသည်။ ဗိုလ်ချုပ်အောင်ဆန်းက "ပညာသည်လူ၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသာမဟုတ် လူ၏စိတ်နေစိတ်ထားအယူအဆများကိုလည်း တိုးတက်စေရမည်၊ လူ၏ဆန္ဒအားလုပ်အားကို ညွှတ်နူးစေရမည်။ ရာဇဝင်ကိုသိရုံသာမဟုတ် ရာဇဝင်ကိုဖန်တီးနိုင်ရမည်။ လောကဓာတ်ပညာကို သိရုံသာမဟုတ် လောကဓာတ်ပညာကို တိုးချဲ့နိုင်ရမည်။ ပထဝီပညာကို သိရုံသာမဟုတ် မြေသစ်ရေသစ်တောတောင်ကို ရှာဖွေစုံစမ်းနိုင်စွမ်းရှိရမည်။ လောကအကြောင်းနားလည်စေရန်သာမဟုတ် ဒီထက်ကောင်းသောလောကကို ဖန်ဆင်းနိုင်စေရမည်။ ဤကားပညာ၏သရုပ်အကျဉ်းတည်း" ဟု ဖွင့်ဆိုခဲ့သည်။ ဤဖွင့်ဆိုချက်များကို ရည်ညွှန်းလျက် ဆန်းသစ်သည့် အသိပညာများ၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော နည်းပညာပြောင်းလဲမှုများကို အသုံးချနိုင်မှသာ မိမိတို့နိုင်ငံ၏ လူမှုစီးပွားဘဝလိုအပ်ချက်များကို အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အတွက် စာပေပညာရှင်ကြီးများအနေဖြင့် ပြည်သူများအကြား ယင်းပညာရပ်များစီးဆင်းပျံ့နှံ့ရောက်ရှိသွားစေရန်အတွက် စွမ်းအားရှိသမျှကူညီအားထုတ်ပေးကြပါရန် ဒုတိယသမ္မတကြီးက မေတ္တာရပ်ခံမှာကြားသည်။ ထို့နောက် တာဝန်ရှိလူကြီးမင်းများက အသီးသီးဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆုနှင်းဘသင်အခမ်းအနားသည် ဂုဏ်ယူဝင့်ကြွားဖွယ်တည်း။

**ဆုရှင်စာဆိုတော်များ၏ပီတိ**

ဆုရှင်စာဆိုတော်များကို တွေ့မြင်ရသည်။ အသက်(၉၀)၊ (၈၀)အရွယ် သက်ကြီးစာဆိုများ၏အားမာန်၊ မျိုးဆက်သစ်လူငယ်စာရေးဆရာ၊ သတင်းစာဆရာများ၏ ရှေ့ခရီး၊ နိုင်ငံတော်၏မျှော်လင့်ချက်ရောင်ခြည်၊ စာဖတ်ပရိသတ်များ၏အဆုံးအဖြတ်၊ အနာဂတ်အတွက်ဆောင်ရန်ရှောင်ရန်များ၊ အားထားဖွယ်ပညာရပ်များအကြောင်း မျှော်လင့်မိပါသည်။

**ဆရာမကြီးဒေါ်ခင်ဆွေဦး၏ ကျေးဇူးတင်စကား**

ပွင့်လင်းရာသီမို့ ပွင့်ပွင့်လင်းလင်းကျေးဇူးတင်စကားပြောကြားသွားသည့် စာရေးဆရာမကြီးဒေါ်ခင်ဆွေဦး၏ ပြောကြားချက်မှာ ကြည်နူးဖွယ်ဖြစ်သည်။ စာရေးဆရာများ၏ဘဝအစစ်အမှန်၊ လက်တွေ့ခံစားချက်၊ မျှော်လင့်ချက်၊ နိုင်ငံတော်၏စေတနာပေါ်လွင်စေသည်။ ရိုးရိုးရှင်းရှင်း ပွင့်ပွင့်လင်းလင်းပြောခြင်းဖြစ်သည်။

**သိပ္ပံနှင့်နည်းပညာရေးသူ သိပ္ပံမျိုးတင်**

သိပ္ပံနှင့်နည်းပညာအကြောင်း အမြဲလေ့လာရေးသားသူ စာရေးဆရာကြီးသိပ္ပံမျိုးတင်က "သိပ္ပံနဲ့ နည်းပညာရေးတဲ့သူက နည်းတယ်၊ အိုင်တီခေတ်ကြီးမှာ သိပ္ပံနဲ့နည်းပညာကို သိဖို့လိုတယ်"ဟု သတင်းထောက်များကို ရှင်းလင်းပြောပြနေသည်။

> **"ပညာသည်လူ၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသာမဟုတ်၊ လူ၏စိတ်နေစိတ်ထားအယူအဆများကိုလည်း တိုးတက်စေရမည်။ လူ၏ဆန္ဒအား လုပ်အားကို ညွှတ်နူးစေရမည်။ ရာဇဝင်ကိုသိရုံသာမဟုတ် ရာဇဝင်ကိုဖန်တီးနိုင်ရမည်။ လောကဓာတ်ပညာကို သိရုံသာမဟုတ် လောကဓာတ်ပညာကို တိုးချဲ့နိုင်ရမည်။ ပထဝီပညာကို သိရုံသာမဟုတ် မြေသစ်ရေသစ်တောတောင်ကို ရှာဖွေစုံစမ်းနိုင်စွမ်းရှိရမည်။ လောကအကြောင်းနားလည်စေရန်သာမဟုတ် ဒီထက်ကောင်းသောလောကကို ဖန်ဆင်းနိုင်စေရမည်"**

**အမွေပေးသောဆရာကြီးအောင်သင်း**

မျိုးဆက်သစ်တိုးတက်ရစ်ဖို့ စေတနာအပြည့်ဖြင့် အမွေပေးလေ့ရှိသော စာရေးဆရာကြီးအောင်သင်းကို ကျန်းမာရေးအရ တွန်းလှည်းဖြင့်ပို့သည့်ကြားက ဆုယူချိန်တွင်တွန်းလှည်းမပါ၊ ကိုယ့်ခွန်ကိုယ့်အားဖြင့်ဆုတက်ယူတာ တွေ့ရသည်။ စာပေအတွေ့အကြုံများကို သတင်းထောက်များမေးသမျှ ဆရာကြီးအောင်သင်းက စိတ်ရှည်လက်ရှည် ဖြေပေးနေသည်ကိုလည်းမြင်ရသည်။

**စာပေဆုရှင်များ**

အမျိုးသားစာပေဆုရှင်များ ဆရာကျော်ဝင်း၊ ဆရာမောင်မြင့်ကြွယ်၊ ဆရာတင်မောင်မြင့်၊ ဆရာထက်နိုင်(တလုပ်မြို့)၊ ဆရာမခင်မြဇင်၊ ဆရာကို(တက္ကသိုလ်)၊ ဆရာမဒေါက်တာခင်လက်ျာ၊ ဆရာစတီဖဲန်နီကိုယို၊ ဆရာမရွှေမြိုင်ပြုံးလဲ့မော်၊ ဆရာမောင်ဟုန်ဝမ်(ကထိက)၊ ဆရာကျော်ဦး၊ ဆရာမဒေါက်တာခင်စန်းမော်၊ ဆရာမြင့်အောင်တို့သည် စာပေဆုရှင်များနေရာတွင် ကြည်နူးစွာတွေ့ရသည်။ ထို့အတူစာမူဆုရှင်များအသီးသီးကို (တစ်ဦးချင်းအမည်နာမမတင်ပြနိုင်သော်ငြား) စာပေရှေ့ခရီးအတွက် တွေ့မြင်အားတက်မိသည်။ စာမူဆုရှင်များအဖြစ်မှ အမျိုးသားစာပေဆုရှင်များအဖြစ် တိုးမြှင့်ဆွတ်ခူးနိုင်ကြပါစေဟု ဆန္ဒပြုမိသည်။

**ဧည့်သည်တော်များ**

ဆရာကြီး တက္ကသိုလ်တင်ခ၊ ဆရာကြီး ဒေါက်တာခင်မောင်ညွန့်၊ ဆရာကြီးဗိုလ်ချုပ်တင့်ဆွေ(ငြိမ်း)၊ ဆရာကြီးဖိုးသောကြာ(ခေတ်+မိုး)၊ ဆရာကြီး မင်းယုဝေ၊ ဆရာကြီးလယ်တွင်းသားစောချစ်အပါအဝင် ထင်ရှားသောစာပေပညာရှင်ကြီးများ၊ အဟောင်းအသစ်၊ အမျိုးသားစာပေဆုရှင်များ၊ စာမူဆုရှင်များ၊ အလှူာစုံ ဆင်းရဲချမ်းသာမရှိ၊ ပကတိဖြူစင်ရိုးသားသူ စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာ၊ အနုပညာရှင် ညီအစ်ကိုမောင်နှမများ စုံလင်စွာတွေ့ဆုံကြသည်။ ရှေးဟောင်းနှောင်းဖြစ်ပြော၍ မကုန်၊ စာပေကုန်ကြမ်း၊ ကုန်ချော၊ သုတ၊ ရသစုံလင်၊ ပုံပြင်ပါမကျန်၊ မချန်စေရ၊ အားရပါးရပြောဆိုကြ၊ နှုတ်ဆက်ကြ၊ တစ်ဦးကောင်းစား(ဆုတွေရသည်ကို) တစ်ဦးကမနာလိုမဖြစ်။ ချစ်ချစ်ခင်ခင်၊ ကြည်ကြည်လင်လင်၊ ရွှင်ရွှင်ပျပျ၊ ပီတိသောမနသဖြစ်ကြကုန်သည်။ အပြစ်ကင်းစင်သော၊ မာနကင်းသော၊ ရိုးသားသောဘဝ ပိုင်ရှင်များသည် စာပေပညာရှင်များဖြစ်ဘိ၏။

**စေတနာ**

အမျိုးသားစာပေဆုရှင်များအသစ်များ၊ အဟောင်းများဟု ရေးသော်ငြား အသစ်ရော၊ အဟောင်းပါမပြောင်းလဲသော စေတနာမှာ မြန်မာအမျိုးသားစာပေအဆင့်မြင့်မားရေး ဦးတည်ချက်ဖြစ်ပါ၏။ မြန်မာစာပေဖွံ့ဖြိုးတိုးတက်စေဖို့၊ သုတရသအရည်အသွေးပြည့်မီသော စာပေဖြစ်စေဖို့၊ မြန်မာ့ယဉ်ကျေးမှုထွန်းကားစေဖို့၊ မျိုးချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ် ထက်သန်စေဖို့၊ တိုင်းရင်းသားများ သွေးစည်းညီညွတ်မှုရှိစေဖို့၊ အတွေးအခေါ်ဖွံ့ဖြိုးဖို့၊ ဗဟုသုတတိုးပွားဖို့၊ ကိုယ်ကျင့်တရားကောင်းမွန်စေဖို့၊ အမျိုးသားအကျိုးစီးပွားကို အထောက်အကူပြုစေဖို့ ဦးတည်ချက်တွေထားကြပေသည်။ ဤစေတနာများသည် စာပေသမားအားလုံး၏စေတနာဖြစ်ပါ၏။

**စာဖတ်ပရိသတ်ကရွေးသည့်ဆု**

ဌာနဆိုင်ရာ အုပ်ချုပ်သူဝန်ထမ်းက ရွေးချယ်သည့်ဆုမဟုတ်။ စာဖတ်ပရိသတ်ကရွေးချယ်သည့်ဆု၊ ပိုမိုလွတ်လပ်ပွင့်လင်းမြင်သာစွာရွေးချယ်သည့်ဆု၊ ရသင့်ရထိုက်သောဆု၊ အများပြည်သူ အသိအမှတ်ပြုခံရသည့် စာပေပညာရှင်များဖြင့် စုစည်းပေါင်းစုထားသောအဖွဲ့က ရွေးချယ်သည့်ဆု၊ အဆင့်ဆင့်စနစ်တကျ စိစစ်ခဲ့သည့်ဆု၊ လျှို့ဝှက်မဲပေးရွေးချယ်သည့်ဆု စသည်ဖြင့်ဂုဏ်မြင့်ခဲ့သောဆုများဖြစ်ပါသည်။ တစ်နှစ်ထက်တစ်နှစ် ပို၍စနစ်ကျ၊ ပို၍ပွင့်လင်းမြင်သာသော စာပေဆုများကို စာဖတ်ပရိသတ်များ စောင့်စားမျှော်လင့်ကြပေသည်။

**ပြပွဲအခင်းအကျင်းမှတစ်ဆင့်**

အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအကြောင်း၊ သမိုင်းစဉ်အကျဉ်း၊ ခေတ်အဆက်ဆက်ဆုရစာအုပ်များ၊ ဆုများ၊ ဓာတ်ပုံများကို ပြပွဲငယ်အခင်းအကျင်းပြသထားသည်ကို တွေ့မြင်ရသည်။ စုံစုံလင်လင်တင်ပြထား၍ လေ့လာခွင့်ရသော်လည်း ဆုပေးချိန်အတွင်းသာဖြစ်၍ အချိန်ပေးတိုးမြှင့်သင့်သည်။ စာပေသုတေသီများ၊ ဝါသနာရှင်များ၊ ကျောင်းသား လူငယ်များအတွက် သင့်တော်သောအစီအမံဖြင့် စာပေဗဟုသုတ ဖြန့်ဝေသင့်ပါသည်။ မျိုးဆက်သစ်လူငယ်ကျောင်းသားများ အားကျအတုယူစေချင်ပါသည်။ ဆုရွေးချယ်ရေးကော်မတီနှင့် အဖွဲ့များ၏အစီရင်ခံစာ၊ ဆုရသူများ၏ အတ္ထုပ္ပတ္တိအကျဉ်း စာအုပ်ငယ်များ၊ မြန်မာနိုင်ငံစာဆိုတော်နေ့အခမ်းအနား၊ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိ အကျဉ်းစာအုပ်များကို အခြေခံပညာအထက်တန်း ကျောင်းများ၊ တက္ကသိုလ်ကောလိပ်သိပ္ပံများရှိ စာကြည့်တိုက်များ၊ အခြားသောစာကြည့်တိုက်များသို့ သင့်တော်သလိုဖြန့်ချိသင့်ပါသည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ စည်းရုံးရေး၊ ဟောပြောဆွေးနွေးလေ့လာရေး၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် တစ်ဆက်တည်းဆောင်ရွက်သွားသင့်ကြောင်း၊ ဆောင်ရွက်ဆဲဖြစ်ပါလျှင်လည်း တိုး၍ဆောင်ရွက်သင့်ကြောင်းအကြံပြုပါ၏။

**နိုင်ငံတကာဆက်ဆံရေး**

နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအတွက် မြန်မာစာပေသည်အရေးပါလှပါ၏။ စာပေဆုနှင်းပွဲသို့ နိုင်ငံခြားသံတမန်ကြီးများ စိတ်ပါဝင်စားစွာ တက်ရောက်ချီးမြှင့်ခြင်းက သက်သေခံဖြစ်နေပါ၏။ အင်္ဂလိပ်ဘာသာဖြင့်အခမ်းအနားမှူးက ကြေညာပေးခြင်း၊ သိသင့်သည်များ အင်္ဂလိပ်ဘာသာဖြင့် စာရွက်စာတမ်းဝေငှခြင်းများဖြင့် စာပေဆုပွဲ၏ ဂုဏ်ဒြပ်တင့်တယ်ပါ၏။ အင်္ဂလိပ်ဘာသာ(သုတ)၊ (ရသ)ဆုများသည် နိုင်ငံတကာဆက်ဆံရေး၏ ပြယုဂ်ဖြစ်ပါပေ၏။ ကမ္ဘာ့အလယ်တွင် မြန်မာ့နယ်ပယ်၏နေရာသည် ထိုက်ထိုက်တန်တန်ရှိပါ၏။ ဤအချက်ကို စာပေပညာရှင်တို့မမေ့ပါ။ လူငယ်မျိုးဆက်သစ်တို့ကိုလည်း လက်ဆင့်ကမ်းရမည်သာ။

**မြန်မာစာပေ၏ဂုဏ်ရောင်**

မြန်မာစာပေ၏ဂုဏ်ရောင်သည် ထွန်းပြောင်ပါ၏။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်အဆက်ဆက် သမိုင်းစဉ်ထင်ရှားပါ၏။ နယ်ချဲ့လက်အောက်ကျရောက်စဉ် ဆီဘန်းနီဆရာတော်၊ အချုပ်တန်းဆရာဖေ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာကြီးသခင်ဘသောင်း စသည့် မျိုးချစ်ပညာရှိများလည်း အထင်အရှားပေါ်ထွန်းခဲ့ပါ၏။ အမျိုးသားရေးစိတ်ဓာတ်မြင့်မားတက်ကြွအောင် စာပေဖြင့်လှုံ့ဆော်ခဲ့ကြပါ၏။ သမိုင်းစဉ်လာပီသစွာဖြင့် ယနေ့တိုင် ဆက်လက်သယ်ဆောင်ကာ စာပေမီးရှူးရောင်ကို ထွန်းညှိကြပါ၏။ စာပေဆုများတိုး၍ ချီးမြှင့်ခြင်း၊ ဂုဏ်မြှင့်ခြင်း၊ ဂါရဝပြုခြင်း၊ ပူဇော်ခြင်းများပြုကြပါ၏။

**လူထုအကျိုးရှိမည့်စာပေ**

မြန်မာနိုင်ငံစာဆိုတော်နေ့အခမ်းအနား(၁၃၇၅ ခုနှစ်) ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းစာအုပ်ကျောဖုံးတွင် လူထုအကျိုးရှိမည့်စာပေခေါင်းစဉ်ဖြင့် စာရေးဆရာ၊ သတင်းစာဆရာကြီးလူထုဦးလှက "တိုးတက်သောစာရေးဆရာများအနေနှင့်ကား (၁)ငါဘာမြင်သလဲ (၂)အမှန်အတိုင်းငါမြင်သလား (၃) ဤအကြောင်းတရားကိုရေးလျှင် ပြည်သူလူထုအတွက် အကျိုးရှိမလားဆိုသည့် အမေးသုံးရပ်ကိုအထူးသတိချပ်ကြရမည်ဟု ကျွန်တော်ယူဆသည်"ဟု ဖော်ပြခဲ့သည်။ ပြည်သူလူထုအခြေပြုဖော်ညွှန်းချက်ဖြစ်ပေသည်။

**ရင်ထဲကြည်လင်**

၁၃၇၅ ခုနှစ်(၂၀၁၂ ခုနှစ်အတွက် စာပေဆုပေးပွဲ) သည် အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်ပါ၏။ စာဖတ်ပရိသတ်ပြည်သူအပေါင်း၏ အချစ်တော်စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာ၊ စာပေပညာရှင်ကြီးများအား ဂုဏ်ပြုပါ၏။ ဂါရဝပြုပါ၏။ သို့အတွက် ရင်ထဲမှာအေးမြပါ၏။ ရင်ထဲမှာ ကြည်လင်ပါ၏။ နောင်နှစ်၊ နောင်နှစ်များအတွက်လည်း **"စာပေဆုပွဲ၊ ရင်ထဲကြည်လင်၊ သုတရသပြည့်ဝဂုဏ်အင်၊ စာဆိုတို့ တိုး၍၊ ရေးဖို့ပြင်" စေချင်ပါကြောင်း။** ။



## မန္တလေးမြို့သို့ နိုင်ငံခြားဧည့်သည်ဝင်ရောက်မှုများပြား၊ အမှတ်တရပစ္စည်းများဝယ်ယူ၍ မိခင်နိုင်ငံသို့ပေးပို့

**မန္တလေး ဒီဇင်ဘာ ၁၆**

ပွင့်လင်းရာသီ ဒီဇင်ဘာလတွင် မန္တလေးမြို့သို့ နိုင်ငံခြားသားခရီးသည်များ စင်းလုံးငှားလေယာဉ်များ၊ ထိုင်းလေကြောင်းလိုင်း၊ အိန္ဒိယလေကြောင်းလိုင်းများဖြင့် ဝင်ရောက်မှုများပြားလျက်ရှိပြီး မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြနန်းစံကျော်ရွှေနန်းတော်၊ ရွှေကျောင်းကြီး၊ မန္တလေးတောင်၊ ဦးပိန်တံတား၊ မင်းကွန်း၊ စစ်ကိုင်းတောင်၊ မယ်နုအုတ်ကျောင်းများသို့ သွားရောက်လည်ပတ်ကြသည်။

ဒီဇင်ဘာလအတွင်း မန္တလေးတိုင်းဒေသကြီး မန္တလေး၊ ပုဂံ၊ ညောင်ဦးဒေသများသို့ ဂျာမနီ၊ အီတလီ၊ ပြင်သစ်၊ ဟော်လန်၊ ဆွီဒင်၊ ဩစတြေးလျ၊ အမေရိကန်၊ ဗြိတိန်၊ လူဇင်ဘတ်၊ ဂျပန်၊ တရုတ်၊ ထိုင်းနိုင်ငံသားများ အများဆုံးလာရောက်ကြပြီး မန္တလေး၊ ပုဂံ၊ မင်းကွန်းအမှတ်တရပစ္စည်းများ ဝယ်ယူ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အပြည်ပြည်ဆိုင်ရာစာပို့လုပ်ငန်းဌာနခွဲမှတစ်ဆင့် မိခင်နိုင်ငံသို့ လေကြောင်းစာပို့စနစ်ဖြင့်ပေးပို့ကြသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၂၂)လမ်းရှိ ဗဟိုစာတိုက်ကြီးတွင် ရုံးဖွင့်ရက်များ၌ နိုင်ငံခြားခရီးသွားဧည့်သည်များ အစုအဖွဲ့လိုက် အမှတ်တရ ပို့စကတ်များ၊ အထိမ်းအမှတ်ပစ္စည်းများအား မိခင်နိုင်ငံရှိ မိသားစုများသိရှိစေရန် ပို့ဆောင်နေကြကြောင်းသိရသည်။

**(သီဟကိုကို-မန္တလေး)**

ပြည်တွင်းရေးရာ

❖ **ကျောဖုံးမှ**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဦး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းသန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့် တွေ့ရစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး ရုံးထိုင်ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးစိုးညွန့်နှင့်ဦးမြသိမ်းတို့ပါဝင်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးသည် ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) (၅)မှုကိုစီရင်ချက်ချမှတ်သည်။ ထို့အပြင် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်ထားမှု(စာချွန်တော်)(၁)မှုနှင့်တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)(၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘူတန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရင်ဇင် ဒိုဂျီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ ကိုးလ်ကတ္တားမြို့သို့ ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Bikram Singh ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့တွင် ကျင်းပမည့် Officers Training Academy ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားတက်ရောက်ရန်အတွက် ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာခဲ့ရာ အိန္ဒိယသမ္မတနိုင်ငံ ကိုးလ်ကတ္တားမြို့ Netaji Subhash Chandra Base International Airport လေဆိပ်သို့ ဒေသစံတော်ချိန် ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယသမ္မတနိုင်ငံ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ Electrical and Mechenical Engineer ဖြစ်သူ ဗိုလ်ချုပ် K Eswaran နှင့် ဇနီး၊ ဆက်ဆံရေးအရာရှိ Additional Director General, Infantry ဗိုလ်ချုပ် KK Sinha နှင့်ဇနီး၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)စစ်သံမှူး ဗိုလ်မှူးကြီး သိန်းလွင်နှင့်ဇနီး၊ ကောင်စစ်ဝန်ချုပ် ဦးကျော်သူတို့က ကြိုဆိုကြသည်။

ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး Dalbir Singh က ကြိုဆိုခဲ့ပြီး နှစ်နိုင်ငံတပ်မတော်အကြား နယ်စပ်ဒေသဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်တင်မောင်ဝင်းနှင့် အရာရှိကြီးများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) စစ်သံမှူး ဗိုလ်မှူးကြီးသိန်းလွင်တို့ တက်ရောက်ခဲ့ကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်အတူ တိုင်းစစ်ဌာနချုပ်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးနှင့် အဖွဲ့ဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ကိုးလ်ကတ္တားမြို့မှ အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး ဒေသစံတော်ချိန် ညနေ ၆ နာရီ ၅ မိနစ်တွင် နယူးဒေလီမြို့ Palam လေဆိပ်သို့ ရောက်ရှိရာ Additional Director General, International Cooperation ဖြစ်သူ ဗိုလ်ချုပ် Gurdeep Singh နှင့်ဇနီး၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုး



နှင့်ဇနီး၊ အဖွဲ့ဝင်များ၊ စစ်သံရုံးအဖွဲ့ဝင်များကကြိုဆိုခဲ့ကြပြီး ခေတ္တတည်းခိုမည့် Oberoi Hotel သို့မော်တော်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ည ၈ နာရီတွင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးဗိုလ်မှူးကြီးသိန်းလွင်နှင့်ဇနီး၊ စစ်သံရုံးမှစစ်သည်မိသားစုများနှင့် နယူးဒေလီမြို့တွင် သင်တန်းတက်ရောက်ရန်ရောက်ရှိနေသော သင်တန်းသား အရာရှိများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကာ ညအိပ်ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်၏ 14th Council Meeting ကို ယနေ့ ညနေ ၅ နာရီခွဲက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ကျင်းပရာ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Sanguan Kosavinta၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထွေထွေအတွင်းရေးမှူးချုပ် MAJ (Rtd) Baharuddin Jamil နှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။



အစည်းအဝေး၌ ဥက္ကဋ္ဌ Mr. Sanguan Kosavinta၊ ဒေါက်တာခင်ရွှေ၊ MAJ(Rtd) Baharuddin Jamil တို့က အသီးသီး အမှာစကားပြောကြားကြပြီး ယခုကျင်းပလျက်ရှိသည့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ မြားပစ်ပြိုင်ပွဲ အခက်အခဲများကို ဖြေရှင်းဆွေးနွေးကြသည်။

**တင်ပြတောင်းဆို**

ထို့နောက် ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်းမှာ ကမ္ဘာ့အဆင့်မီဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံများက သဘောကျချီးကျူးကြကြောင်း၊ ထို့ကြောင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲကို လက်ခံကျင်းပနိုင်ရန် တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**(စိုးညွန့်)**



# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု(ခ)ပွဲစဉ်များ ယနေ့ပြီးဆုံး ထိုင်းနှင့် အင်ဒိုနီးရှားတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်

**ရန်ကုန်  ဒီဇင်ဘာ  ၁၆**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့လူငယ်အားကစားလေ့ကျင့်ရေးစခန်းဘောလုံးကွင်း(သုဝဏ္ဏ)၌ ဆက်လက်ကျင်းပရာ ပထမပွဲစဉ်တွင် ထိုင်းနှင့် ကမ္ဘောဒီးယားတို့ ဂိုးမရှိသရေဖြင့် ထိုင်းအသင်းက အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဒုတိယပွဲစဉ်တွင် အိမ်ရှင်မြန်မာနှင့် အင်ဒိုနီးရှားတို့ နောက်ဆုံးပွဲစဉ်အဖြစ် ဆုံတွေ့ကြသည်။ အင်ဒိုနီးရှားက ယနေ့ ပွဲစဉ်တွင် အနိုင်ရရှိလျှင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်၍ ယခင်နေ့ပွဲစဉ်များကဲ့သို့မဟုတ်ဘဲ မာမာထန်ထန်ဖောင်ဖျက်ကစား၍ ပွဲအစဦး မြန်မာဂိုးသမားနှင့် နောက်တန်းများ ဖျတ်ထုတ်ကာကွယ်နေရသည်။ ပွဲအစ လေးမိနစ်တွင် အင်ဒိုနီးရှားအလယ်တန်းကစားသမား နံပါတ်(၂၃) Bayu Gatra ကန်သွင်းချက်ကို မြန်မာဂိုးသမား ပြည့်ဖြိုးအောင်နှင့် မြန်မာနောက်တန်းက ကာကွယ်ဖျက်ထုတ်လိုက်ရသည်။ ပထမပိုင်း မိနစ် ၂၀ ကျော်အထိ မြန်မာတို့ ကစားကွက်တည်မရဖြစ်နေသည့်အပြင် အင်ဒိုနီးရှားတိုက်စစ်ကို ခံစစ်ဖြင့် တုံ့ပြန်နေရသည်။ အင်ဒိုနီးရှား အလယ်တန်းကစားသမား နံပါတ်(၂၃)Bayu ၏ ကွင်းညာခြမ်းမှ ဖြတ်တင်ဘောများကို မဖြတ်တောက်၊ မပိတ်ဆို့နိုင်၍ မြန်မာဂိုးပေါက်ကို မကြာခဏ ခြိမ်းခြောက်လျက်ရှိသည်။ ထို့ပြင် ယနေ့ပွဲ၏ ဖိအားအရှိန်ကြောင့် မကြာခဏ လူပေးမှားနေ၍ မြန်မာအသင်းတိုက်စစ်မှာ အားလျော့နေသည်။

သို့ဖြင့် ပထမပိုင်း ၃၅ မိနစ်တွင် မြန်မာဂိုးသမား ပြည့်ဖြိုးအောင်က အင်ဒိုနီးရှားမှ နံပါတ်(၂၆) Alfil Ismain ကို တစ်ဦးချင်းရင်ဆိုင်အတွေ့တွင် ဖျက်ထုတ်ရာမှ ဘောလုံးကိုမထိဘဲ လူကိုလဲ့ချမိ၍ ပင်နယ်တီပြစ်ဒဏ်ပေးလိုက်ရရာ Alfil Ismain ကပင် သွင်းယူလိုက်၍ အိမ်ရှင်မြန်မာတို့ ဖွေဆော်ဦးဂိုးကို ပေးလိုက်ရပြီး အင်ဒိုနီးရှားက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် မြန်မာက ပထမပိုင်းတွင် ခြေစွမ်းမပြနိုင်သော အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်းအစား ကျော်ကိုကို၊ ဒေးဗစ်ထန်းအစား သိန်းသန်းဝင်းကို လူစားလဲ၍ တိုက်စစ်ပြန်မြှင့်ခဲ့သည်။

မြန်မာအသင်းက သရေရလဒ်ရလျှင်ပင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်၍ ချေပဂိုး ပြန်လည်ရရှိရေးအတွက် ကြိုးစားကစားသော်လည်း အချိတ်အဆက်ကမမိ ကစားကွက်က မရှိဘဲ ကန်တင်ပြေးဖြစ်နေ၍ အင်ဒိုနီးရှားနောက်တန်းကို မကျော်ဖြတ်နိုင်ဖြစ်နေသည်။

ပွဲပြီးခါနီး ၈၈ မိနစ်တွင် မြန်မာအသင်းမှ ရဲလင်းအောင် အနီကတ်ဖြင့် အထုတ်ခံရ၍ မြန်မာအသင်း လူတစ်ယောက်လျော့ ၁၀ ဦးဖြင့် ကစားသွားရပြီး ချေပဂိုး တစ်ဂိုးကိုပင် ပြန်သွင်းမယူနိုင်၍ အင်ဒိုနီးရှားက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားပြီး head to head စနစ်အရ အိမ်ရှင်မြန်မာအသင်းမှ အုပ်စုအဆင့်ဖြင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းဘောလုံးပြိုင်ပွဲကြီးကို နှုတ်ဆက်လိုက်ရပြီဖြစ်သည်။

(၂၇)ကြိမ်မြောက်ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ်များ ယနေ့ပြီးစီးသွားပြီဖြစ်ရာ ထိုင်းကနှစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ် ၈ မှတ်ဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားက မြန်မာအသင်းနှင့်အတူ နှစ်ပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲရှုံး မြန်မာနှင့်ရမှတ်တူသော်လည်း head to head စနစ်အရ အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အိမ်ရှင်မြန်မာအသင်းမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် လေးမှတ်ရရှိခဲ့သော တီမောလက်စ်တေနှင့် တစ်ပွဲသရေ၊ သုံးပွဲရှုံး၊ ရမှတ် တစ်မှတ်ရရှိခဲ့သော ကမ္ဘောဒီးယားအသင်းတို့နှင့်အတူ (၂၇)ကြိမ်မြောက် ဆီးဂိမ်းဘောလုံးပြိုင်ပွဲကြီးကို နှုတ်ခွန်းဆက်သလိုက်ရပြီဖြစ်သည်။

**(သတင်းစဉ်)**



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၇-၁၂-၂၀၁၃ (အင်္ဂါနေ့)၊ [၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့် (ဥပုသ်နေ့)]**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၁၅ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော် |
| ၉း၀၀ | မြားပစ်ပြိုင်ပွဲ/ကမ်ပိုပြိုင်ပွဲ |
| ၁၂း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း -မြားပစ်ပြိုင်ပွဲ/ကမ်ပိုပြိုင်ပွဲ |
| ၂း၃၀ | မွေလက်ဝှေ့ဖွင့်ပွဲအခမ်းအနား |
| ၃း၀၀ | ပိုက်ကျော်ခြင်းပြိုင်ပွဲ(ကမ္ဘောဒီးယားအသင်းနှင့် မြန်မာအသင်း)(အမျိုးသမီး) |
| ၆း၄၅ | (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (လာအိုအသင်းနှင့် ဘရူနိုင်းအသင်း)(အမျိုးသား)/ ဘော်လီဘောပြိုင်ပွဲ(Replay) (မြန်မာအသင်းနှင့် ထိုင်းအသင်း)(အမျိုးသား) |
| ၈း၄၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း |
| ၈း၄၀ | မိုးလေဝသသတင်း -ဆိုလိုက်ကြစို့ |

## ပြေးခုန်ပစ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ  ၁၆**

(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ၏ ဒုတိယနေ့ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ ဆက်လက်ကျင်းပရာ အမျိုးသားမာရသွန်ပြိုင်ပွဲတွင် YNG REN MOK (စင်ကာပူ)က ၂ နာရီ ၂၈ မိနစ် ၃၆ စက္ကန့်)ဖြင့် ပထမ၊ သောင်းအေး(မြန်မာ)က ၂ နာရီ ၂၉ မိနစ် ၅၀ စက္ကန့် ဖြင့် ဒုတိယ၊ ERIC PANJGUE (ဖိလစ်ပိုင်)က ၂ နာရီ ၃၀ မိနစ် ၃၀ စက္ကန့်ဖြင့် တတိယရရှိသွားကြသည်။

အမျိုးသမီးမာရသွန်ပြိုင်ပွဲတွင် THI BINNH PHAMM(ဗီယက်နမ်)က ၂ နာရီ ၄၅ မိနစ် ၃၄ စက္ကန့်ဖြင့် ပထမ၊ မြင့်မြင့်အေး(မြန်မာ)က ၂ နာရီ ၄၆ မိနစ် ၀၇ စက္ကန့်ဖြင့် ဒုတိယ၊ ပပ(မြန်မာ)က ၂ နာရီ ၄၉ မိနစ် ၀၁ စက္ကန့်ဖြင့် တတိယရရှိသွားသည်။

အမျိုးသမီးအလျားခုန်ပြိုင်ပွဲတွင် WASSANA (ထိုင်း) က ပထမ၊ SUNJSA KHOTSEEMUEANG (ထိုင်း)က ဒုတိယ၊ NARCISA-ATIENZA (ဖိလစ်ပိုင်)က တတိယရရှိကြပြီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် WASSAN A-WINATHO (ထိုင်း)က ပထမ၊ NARCISAAJLE ZA (ဖိလစ်ပိုင်)က ဒုတိယ၊ SUNJSAKHO TSEEMUE ANG (ထိုင်း)က တတိယအသီးသီးရရှိကြသည်။ **(ဇော်မင်းအောင်)**



**အမျိုးသမီးမာရသွန်အပြေးပြိုင်ပွဲတွင် မြန်မာမှ မြင့်မြင့်အေး ဒုတိယနေရာမှ ပန်းဝင်လာစဉ်။  ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)**





















ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
လေအေးပေးစက်များ ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော်)ရှိ လေအေးပေးစက်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) Studio Complex ရှိ လေအေးပေးစက်များ

(ခ) Radio Transmitter Complex ရှိ လေအေးပေးစက်များ

(ဂ) Padauk Myay Transmitter Complex ရှိ လေအေးပေးစက်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို(၁၄-၁၂-၂၀၁၃)ရက်မှ(၂၁-၁၂-၂၀၁၃)ရက်နေ့အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို(၂၃-၁၂-၂၀၁၃)ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁



# နှစ်သစ်မှာကျန်းမာပျော်ရွှင်ပြီး အလုပ်အကိုင်အဆင်ပြေစေကြောင်း ဆုတောင်း

ဆောင်းက အခုလောလောဆယ် ၂၀၁၄ ပြက္ခဒိန်တွေရိုက်ဖြစ်နေတယ်။ ချန်နယ်တွေအတွက်လည်း Show တွေလျှောက်ဖြစ်နေပါတယ်။ ချန်နယ်တွေမှာ မလွှင့်ရသေးတဲ့ ဒီဗိုင်နာတွေက ခိုင်အမရာ၊ မျိုးမင်းစိုး၊ သန့်ဇင်တို့ဟာတွေကို MRTV-4 နဲ့ ချန်နယ်တွေမှာ လွှင့်ဖို့ရှိတယ်။ နောက်ထပ်လည်း ဒီဇိုင်နာ မကေသီ၊ သက်နှင်းဒါတို့ရဲ့ ဝတ်စုံတွေနဲ့ ထပ်ရိုက်ဖို့ရှိပါတယ်။ ဟိုတလောက ဒါရိုက်တာဇော်မျိုး၊ မင်းသားကျော်ရဲအောင်နဲ့ ဇာတ်ကား နှစ်ကားရိုက်ဖြစ်တယ်။ ဇာတ်ကားနာမည်တွေက မာန်ကကြိုးရယ်၊ နောက် ချစ်တယ် မုန်းတယ်၊ ဖုန်း ၁၅၀၀ ကားတွေရိုက်ဖြစ်တယ်။ မာန်ကကြိုးကတော့ မင်းသမီးဇာတ်ပေါ့နော်။ ချစ်တယ်မုန်းတယ်၊ ဖုန်း ၁၅၀၀ ကတော့ ပြည်သူတွေ ၁၅၀၀ ဖုန်းကို မဲနှိုက်ပြီး လိုချင်တဲ့ ဖုန်းဇာတ်လမ်းပေါ့။ လူအများနဲ့ရိုက်ရတာလေ။ ဆောင်းကတော့ ဇာတ်ကားထဲမှာ မင်းသားသစ်ရဲ့ အစ်မပေါ့နော်၊ အမေအိုကြီးကို ပြုစုစောင့်ရှောက်ရင်းနဲ့ရပ်ကွက်က ငွေကျပ် ၁၅၀၀ တန်ဖုန်းကို စောင့်မျှော်ပြီးမရတော့စိတ်ဆိုး၊ သူများရတာကိုအားကျ၊ဖုန်းချပေးတဲ့သူတွေကို သံသယဝင်၊ နောက်ဖုန်းရတော့ ပျော်သွား အဲဒီလိုမျိုး ဟာသပုံစံရိုက်ထားတာပါ၊ တစ်မျိုးပျော်ဖို့ကောင်းပါတယ်။ လူအများနဲ့ရိုက်ရတာဆိုတော့လေ၊ ခေတ်သစ် ဗီဒီယိုထုတ်လုပ်ရေးနဲ့ ရွှေတောင်ရတနာထုတ်လုပ်ရေးတွေကထွက်မှာပါ။

ဟိုတလောက သင်္ကေတထုတ်လုပ်ရေးက ထွက်တဲ့ ကားလည်း ပြည်သူတွေရဲ့ဘဝကို ရိုက်ပြထားတာပါ၊ အဲဒီ ကားလည်း ကောင်းပါတယ်။ နောက်မထွက်သေးတာက သင်္ကေတထုတ်လုပ်ရေးကပဲ (အိမ်ကွင်း၊ အဝေးကွင်း)လို့ ယာယီပေးထားတယ်။ ဘောလုံးကား ပေါ့။ အခုချိန်ထွက်ရင် အကောင်းဆုံးပဲ၊ ဆောင်းကဘောလုံးနည်းပြ ရဲအောင်ရဲ့ မိန်းမ၊ အတိုးချေးစားတဲ့ ပုံစံမျိုးပေါ့၊ ရပ်ကွက်ထဲမှာ ပိုက်ဆံနည်းနည်းရှိတော့ ယောကျ်ားကိုလည်းနိုင်ပြီး ခပ်စွာစွာပုံစံမျိုး သရုပ်ဆောင်ထားပါတယ်။ လူအများနဲ့ပါပဲ။

ချစ်ပန်းဝေရုပ်ရှင်ကားကြီးလည်း ဗီဒီယိုအနေနဲ့ နယ်တွေမှာဖြန့်နေပြီး အားပေးကြတဲ့ သူတွေကို ဆောင်းက အရမ်းကျေးဇူးတင်ရှိပါတယ်လို့၊ လောလောဆယ် အလှူလုပ်ဖြစ်နေတာက မမများအဖွဲ့အတွက် သင်္ကြန်မှာဝတ်ဖို့ အင်္ကျီ စပွန်ဆာလေးသိန်းလှူဖြစ်တယ်။ ဒါက ပိုက်ဆံရှိလို့လှူတာမဟုတ်ပါဘူး။ မမများအဖွဲ့က အကူအညီတောင်းလို့ပါ၊ ဒီနှစ်အကယ်ဒမီပွဲတက်ဝတ်စုံကို မျိုးမင်းစိုးက ဒီဇိုင်နာရော ပိုးထည်ရောပါ။ မိတ်ကပ်ကကိုဘိတ်ပါ။ ဖိနပ်နဲ့ပိုက်ဆံ အိတ်လည်း ကိုဘိတ်ပါပဲ၊ အားလုံးနှစ် သစ်မှာ ကျန်းမာပျော်ရွှင်ပြီး အလုပ် အကိုင်တွေ အဆင်ပြေပါစေလို့ ဆုတောင်းပေးပါတယ်ရှင့်၊ ဆောင်း အိန္ဒြေထွန်း၊ ခိုင်နှင်းဝေတို့ အကယ်ဒမီ ဝတ်စုံမျိုးစုံရိုက်ပြီး မော်လမြိုင်မှာ ဘုတ်ထောင်လိုက်ကြပါကြောင်း။

**(အပေါ်ပုံ)**

**(အိုးဝေခင်မောင်ကွန့်)**

# လျှပ်စစ်ဓာတ်အားထုတ်လုပ်လိုသူများ ဖိတ်ခေါ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများနှင့်**
**ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများတည်ဆောက်၍**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်လိုသည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလိုသူများ ဖိတ်ခေါ်ခြင်း**

၁။ နိုင်ငံတော်လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများနှင့် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံများ တည်ဆောက်အကောင်အထည်ဖော် ဓာတ်အားထုတ်လုပ်လိုသူ ပုဂ္ဂလိကကုမ္ပဏီများကို ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများအား ၂၀၁၂ ခုနှစ် ဇွန်လ ၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် တစ်ကြိမ်ခေါ်ယူခဲ့ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် နေပြည်တော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံလိုသူများ စုပေါင်းဖိတ်ခေါ်ရှင်းလင်းဆွေးနွေးပွဲလည်း ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပါ လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံလိုသူများသည် မိမိဆောင်ရွက်လိုသော ဓာတ်အားပေးစက်ရုံ အမျိုးအစား၊ တည်ဆောက်အကောင်အထည်ဖော်လိုသည့် နေရာ၊ဒေသ၊ပြည်နယ်၊တိုင်းဒေသကြီးတို့ကို ပြည့်စုံစွာ ဖော်ပြ၍ ဆောင်ရွက်မည့်ကုမ္ပဏီနှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့်အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ လာရောက်ဆွေးနွေးအဆိုပြုနိုင်ပါသည်။

၄။ ရင်းနှီးမြှုပ်နှံလိုသူများသည် မိမိတို့ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုများအပေါ် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီလေ့လာ၍ လေ့လာတွေ့ရှိချက်အရ ခွင့်ပြုလက်ခံနိုင်သော အစီအစဉ်များနှင့်အညီ ဆောင်ရွက်နိုင်မည့်ကုမ္ပဏီများကိုသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်၍ ဤအချက်ကို အထူးအလေးထား၍ အဆိုပြုတင်ပြကြရန် ဖြစ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

# ငွေစက္ကူ ကျပ် ၅၀၀၀ တန် အတုများတွေ့ရှိ

**ထီးလင်း ဒီဇင်ဘာ ၁၆**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ရပ်ကွက်/ကျေးရွာများမှ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပေးဆပ်လျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က ဆင်စွယ်ကျေးရွာနေ ဒေါ်တင်မာစန်း ပေးဆပ်သည့်ငွေများထဲမှ ကျပ် ၅၀၀၀ တန်ငွေစက္ကူ ၄၇ ရွက်မှာ အတုများဖြစ်နေသည်ကို ငွေသွင်းကောင်တာမှ စိစစ်တွေ့ရှိရကြောင်း သိရသည်။

ဒေါ်တင်မာစန်းသည် စိုက်ပျိုးစရိတ်ချေးငွေပေးဆပ်ရန်အတွက် ဒီဇင်ဘာ ၉ ရက်က နွားတစ်ကောင် ငွေကျပ် သုံးသိန်းခွဲဖြင့်ရောင်းချရာမှ အဆိုပါငွေစက္ကူများရရှိခဲ့ကြောင်းနှင့် နွားရောင်းရငွေအားလုံးမှာ ကျပ် ၅၀၀၀ တန်များဖြစ်သဖြင့် အဆိုပါငွေစက္ကူများမှာ ၎င်း၏နေအိမ်တွင် ကျန်ရှိနေသေးသည်ဟုဆိုသည်။

ငွေစက္ကူအတုများဖြင့် နွားအရောင်းအဝယ်ပြုလုပ်သူများအား ဖော်ထုတ်နိုင်ရေး ထီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှ ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၄၆၅)**

# ကာလီဖိုးနီးယားမှ ရုပ်ရှင်ထုတ်လုပ်သူ ဒါရိုက်တာမေရီဆွိနီး ဟောပြောဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အမေရိကန် ပြည်ထောင်စု တောင်ပိုင်း ကာလီဖိုးနီးယားပြည်နယ်တက္ကသိုလ်ရုပ်ရှင်ကျောင်းမှ ဒါရိုက်တာ စာရေးဆရာ ရုပ်ရှင်တည်းဖြတ်အယ်ဒီတာနှင့် ရုပ်ရှင်ဇာတ်လမ်းထုတ်လုပ်သူ မေရီဆွိနီး(MA)၏ပညာရေးရုပ်ရှင်ပြပွဲနှင့် ဟောပြောဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆၊ ၁၇ ရက် ညနေ ၆ နာရီမှစတင်၍ အမှတ်(၁၄) ရန်ကုန်ဒဂုံမြို့နယ်တော်ဝင်လမ်းရှိ အမေရိကန်စင်တာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(အိုးဝေခင်မောင်ကွန့်)**









# အသက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်)မှ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် သုံးလ သင်တန်းများဖြစ်သော(၁) စက်ချုပ်သင်တန်း၊ (၂)ခေါက်ပုံးသင်တန်း၊ (၃) ပိုးဇာပုံနှိပ်သင်တန်း၊ (၄) ကွန်ပျူတာသင်တန်းနှင့် (၅) ဆံသသင်တန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် သင်တန်းအပတ်စဉ်(၃/၂၀၁၃) ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများသို့ တက်ရောက်သင်ကြားလိုသူများသည် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၄၂၀၀၃၅၆၀နှင့် ၀၉-၂၅၀၁၇၀၀၂၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား လစဉ်ထောက်ပံ့ကြေး၊ အဆောင်နေ၊ စားစရိတ်ငြိမ်းနှင့် နယ်မှလာရောက်သောသင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်တို့ကိုပါ စီစဉ်ပေးမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# လေပြင်းတိုက်၊ မိုးရွာ၊ မိုးသီး ကြွေကျခြင်းကြောင့် ရွှေဘိုခရိုင်အတွင်း လယ်မြေ ဧက ၁၀၆၀ ကျော် ပျက်စီး

**ရွှေဘို ဒီဇင်ဘာ ၁၆**

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မင်းတုန်းကျေးရွာအုပ်စုနှင့် ညောင်ဇင်ကျေးရွာတို့တွင် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက လေပြင်းများ တိုက်ခတ်ပြီး မိုးရွာသွန်းကာ ဆီးဖြူသီးခန့်ရှိ မိုးသီးများကြွေကျခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်၊ မိုးရွာ၊ မိုးသီးကြွေကျခြင်းကြောင့် အဆိုပါ မင်းတုန်းကျေးရွာအုပ်စုနှင့် ညောင်ဇင်ကျေးရွာတို့ရှိ ကွင်းအမှတ် ၇၂၀(က) မှ တောင်သူ ၈၅ ဦး၏ လယ်ဧက ၂၂၀ ဒသမ ၃၈ ဧကအနက် ၂၀၁ ဒသမ ၅၃ ဧက၊ ကွင်းအမှတ် ၇၂၀(ခ) မှ တောင်သူ ၁၀၇ ဦး၏ လယ်ဧက ၃၆၃ ဒသမ ၂၉ ဧကအနက် ၂၄၅ ဒသမ ၉၁ ဧက၊ ကွင်းအမှတ် ၇၇၂ မှ တောင်သူ ၁၈၆ ဦး၏ လယ်ဧက ၄၆၇ ဒသမ ၄၅ ဧကစလုံး ပျက်စီးခဲ့ပြီး စုစုပေါင်းပျက်စီးမှုမှာ ၉၁၄ ဒသမ ၈၉ ဧကဖြစ်ကြောင်း သိရသည်။ အလားတူ မိုးသီးများကြွေကျမှုကြောင့် ကျွန်းလှမြို့နယ် သစ်ချိုကျေးရွာအုပ်စု ခေါ်တောကျေးရွာရှိ တောင်သူ ၂၇ ဦး၏ လယ်ဧက ၆၅ ဧက၊ မကျီးကုန်းကျေးရွာရှိ တောင်သူ ၄၇ ဦး၏ လယ်ဧက ၁၄၆ ဧက ပျက်စီးခဲ့ကြောင်း သိရသည်။ ထို့နေ့က ရွှေဘိုခရိုင်အတွင်း ရွာသွန်းခဲ့သော မိုးရေချိန်မှာ ရွှေဘိုမြို့နယ်တွင် သုည ဒသမ ၀၈ လက်မ၊ တန့်ဆည်မြို့နယ်တွင် သုည ဒသမ ၁၈ လက်မ၊ ကျွန်းလှမြို့နယ်တွင် သုည ဒသမ ၀၂ လက်မ၊ ဒီပဲယင်းမြို့နယ်တွင် သုည ဒသမ ၂၄ လက်မ၊ ကန့်ဘလူမြို့နယ်တွင် သုည ဒသမ ၁၆ လက်မ၊ ခင်ဦးမြို့နယ်နှင့် ရေဦးမြို့နယ်တို့တွင် သုည ဒသမ ၂၄ လက်မ အသီးသီးရွာသွန်းခဲ့ကြောင်း သိရသည်။

**(သံတိုင်ထွန်း)**



# မုံရွာမြို့ ကြက်မွေးမြူရေးဇုန် မီးလောင်မှုဖြစ်

**မုံရွာ ဒီဇင်ဘာ ၁၆**

ငုံးသားဖောက်ခြံတွင် ငုံးများကို မီးရောင်ဖြင့် အပူပေးရာမှ မုံရွာမြို့ မွေးမြူရေးဇုန်အတွင်းရှိ ကြက်မွေးမြူရေးခြံများ ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီ ၄၂ မိနစ်က စတင်မီးလောင်ကျွမ်းခဲ့ရာ ကြက်ခြံ ၁၆ ခြံ၊ ငုံးခြံ ရှစ်ခြံ၊ လူနေအိမ် လေးလုံး မီးလောင်ခဲ့ကြောင်း သိရသည်။ မြောင်မြို့နယ် မကျီးဘုတ်ကျေးရွာနေ ဦးဇော်တင် (၄၀)နှစ်သည် ခြံကိုငှား၍ မွေးမြူထားသော ငုံးများအား အပူပေးရာမှ ပေါ့ဆ၍ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ၉ နာရီ ၄၅ မိနစ်တွင် သတင်းရလျှင်ရချင်း သွားရောက်ငြိမ်းသတ်ရာ ၁၀ နာရီ မိနစ် ၄၀ တွင် မီးညွန့်ကျိုး၍ မွန်းတည့် ၁၂ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မုံရွာမြို့နယ်အပါအဝင် ဝန်းကျင်မှ မီးသတ်ယာဉ် ၁၅ စီး၊ ရေသယ်ယာဉ် သုံးစီးတို့နှင့်အတူ သန္နေတပ်ဖွဲ့ဝင် ၃၂ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀၀ တို့ကို စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေထွန်းဦးစီး၍ မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၃၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးမှ လူငယ် ၅၀၊ ခရိုင်/မြို့နယ်မွေးမြူရေးနှင့် ကုသရေးမှ တာဝန်ရှိသူများ၊ မွေးမြူရေးဇုန် ကော်မတီဝင်များ၊ ဒေဝဂတီလူမှု ကူညီရေးအသင်းနှင့် ဒေသခံတို့ ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။ မုံရွာ ကြက်မွေးမြူရေးဇုန်တွင် ကြက်နှင့်ငုံးခြံပေါင်း ၁၁၀ ခန့်ရှိကြောင်း သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီသို့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့မှတစ်ဆင့် ပေးပို့တင်ပြလာသည့်အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာ

**မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်(၁၃)ရပ်ကွက်၊ အောင်ကပ်ကျော်ရပ်ကွက် လျှပ်စစ်မီးရရှိရေးအတွက် အထောက်အပံ့ရရှိခဲ့သည့် (၃၁၅)KVA ထရန်စဖော်မာနေရာအတွက် (၁၂)ပေပတ်လည် မြေနေရာရရှိရန် အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုချက်အပေါ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှု**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်(၁၃)ရပ်ကွက်၊ အောင်ကပ်ကျော်ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်၍ (၃၁၅)KVA ထရန်စဖော်မာတည်ဆောက်ရန် မြေနေရာ(၁၂×၁၂)ပေ တောင်းခံမှုအား ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ (၂၅-၁၁-၂၀၁၃)ရက်နေ့တွင် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှလည်း (၂၉-၁၁-၂၀၁၃)ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် (၁-၁၂-၂၀၁၃)ရက်နေ့မှစ၍ တိုင်ကျင်းများတူးဖော်ခြင်း၊ (၇-၁၂-၂၀၁၃)ရက်နေ့တွင် တိုင်များစိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှလည်း(၁၁)KV ဓာတ်အားလိုင်း၊ (၄၀၀)ဗို့ဓာတ်အားလိုင်းနှင့် (၃၁၅)KVA ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီသို့ ထပ်မံပေးပို့ အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ**



**ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ ဆေးရုံရပ်ကွက်ရှိ ဇီဝကအခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ဖြူးမြို့၊ ဈေးရပ်ကွက်၊ ပဲခူးလမ်းနေ အစ်မကြီး ဒေါ်ညွန့်ညွန့်(ငြိမ်း)အား အမှူးထား၍ ဦးစိုးဝင်း၊ ဒေါ်သန်းသန်းအေး မိသားစု (နေလ-စတိုး)မှ ငွေကျပ် သုံးသိန်းတန်ဖိုးရှိ အောက်စီဂျင်အိုးများကို ဒီဇင်ဘာ ၁၅ ရက်က လှူဒါန်းစဉ်။** (ဖြူး-မြင့်ဦး)

**မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ**


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့နေ ဦးမောင်မောင်တာ-ဒေါ်နန်းအေးအေးသန်းတို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးခိုင်ခန့်ကို M.B.,B.S, M.Med Sc. (Sugery)(2nd. year)

နှင့်

နေပြည်တော်နေ ဗိုလ်မှူးကြီးညိုမြင့်(ငြိမ်း)-ဒေါ်ဖြူဖြူလွင်တို့၏ တစ်ဦးတည်းသောသမီး

မချစ်ဖြိုးငယ် B.Sc (Physics)

တို့သည် ၁၅-၁၂-၂၀၁၃ရက်တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**

**ဗိုလ်ကြီးခိုင်ခန့်ကို-မချစ်ဖြိုးငယ်**


## အမျိုးသားလွှတ်တော်ရုံး

## (၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

## ဒုတိယဦးစီးမှူးရာထူးနှင့် အငယ်တန်းစာရေးရာထူး နေရာများအတွက် အရည်အချင်းစစ်စာမေးပွဲ အချိန်စာရင်းကြေညာခြင်း

၁။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ကြေညာခေါ်ယူထားသည့် အမျိုးသားလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အထက်ပါ ရာထူးနေရာများအတွက် လျှောက်ထားသူများအနက်မှ အရည်အချင်းစစ် စာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်းကို ၂၀-၁၂-၂၀၁၃ရက်မှစ၍ ရုံးအမှတ်(၂၀)၊ လွှတ်တော်ရုံးတွင် ထုတ်ပြန်ကြေညာထားမည်ဖြစ်ပါသည်။

၂။ ဖြေဆိုခွင့် ရရှိသူများကို (၂၆-၁၂-၂၀၁၃) နှင့် (၂၇-၁၂-၂၀၁၃) ရက်များတွင် ရုံးချိန်အတွင်း ဖြေဆိုခွင့်ကတ်ပြားများထုတ်ပေးမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ် (မူရင်း)ဖြင့် ရုံးအမှတ်(၂၀)တွင် လာရောက် ထုတ်ယူရန်ဖြစ်ပါသည်။

၃။ ဖြေဆိုရမည့် (၂၁-၁၂-၂၀၁၃)ရက်အစား အောက်ပါ နေ့ရက်၊ နေရာနှင့်အချိန်စာရင်းအတိုင်းဖြစ်ပါသည်။

(က)ဖြေဆိုရမည့်နေ့ရက် - ဒုတိယဦးစီးမှူးများ<br>၂၈-၁၂-၂၀၁၃ ရက် (စနေနေ့)<br>- အငယ်တန်းစာရေးများ<br>၂၉-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

(ခ) ဖြေဆိုရမည့်နေရာ - အမျိုးသားလွှတ်တော်ရုံး၊ အစည်းအဝေးဆောင်(“ဝ” ဘုရားအနီး၊ အမှတ်-၁၊ ဂိတ်မှ ဝင်ရန်)

(ဂ) ဖြေဆိုရမည့်အချိန်/ဘာသာရပ် - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ<br>(မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ)

၄။ အသေးစိတ်သိရှိလိုပါက အမျိုးသားလွှတ်တော်ရုံး၊ စီမံရေးဌာန ၀၆၇-၅၉၁၂၄၀ နှင့် ၀၆၇-၅၉၁၂၃၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(လူတွေ့ဖြေဆိုခွင့်ရရှိသည့်စာရင်းကို ထပ်မံကြေညာပါမည်။)






## မောင်းမကန်ကျေးရွာ ရေပူစမ်းတွင် သုံးဘီးယာဉ်တိမ်းမှောက်

**ထားဝယ် ဒီဇင်ဘာ ၁၆**

ထားဝယ်ခရိုင် လောင်းလုံမြို့နယ် မောင်းမကန်ကျေးရွာ ရေပူစမ်းတွင် ရေချိုးပြီးပြန်လာသော သုံးဘီးယာဉ်တစ်စီးသည် ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် တောရှည်ရွာအနီး၌ သုံးဘီးယာဉ် နောက်ဘရိတ်ချွတ်ယွင်းပြီး လမ်း၏ဝဲဘက်သို့ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်ပါလာသော အမျိုးသား နှစ်ဦး၊ အမျိုးသမီး ခုနစ်ဦးတို့တွင် ပွန်းပဲ့ဒဏ်ရာ၊ ပေါက်ပြဲဒဏ်ရာ၊ ဖူးရောင်ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား တပ်မတော်ယာဉ်တန်းမှ တွေ့ရှိခဲ့သဖြင့် တပ်မတော်သားများက မော်တော်ယာဉ် များဖြင့် ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိစဉ် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး စကားပြောကြားခဲ့သည်။



ဒဏ်ရာရရှိသူများတွင် ခြောက်ဦးမှာ အတွင်းလူနာအဖြစ် (မစိုးရိမ်ရ)ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ **(တိုင်းပြန်/ဆက်)**

## မင်္ဂလာဒုံမြို့နယ်၌ ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ နှစ်ဦးသေ၊ ၁၁ ဦး ဒဏ်ရာရ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၌ ဒီဇင်ဘာ ၁၄ ရက် နံနက်က ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီခွဲက မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်လမ်းအတိုင်း မှော်ဘီဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ)မောင်းနှင်လာသော ယာဉ်အမှတ် ပ/. . . . ဟိုင်းလပ်ခရီးသည်တင်ယာဉ်သည် ကျိုက္ကလဲ့ဘုတာသံလမ်းမပေါ်ရှိ တံတားပေါ်မှ ရထားသံလမ်းပေါ်သို့တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသည်နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ကျန်ခရီးသည် အမျိုးသား၊ အမျိုးသမီး ၁၁ ဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိကြသဖြင့် အင်းစိန်ဆေးရုံကြီးတွင် အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် တက်ရောက်ကုသနေရသဖြင့် ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း(စုံစမ်းဆဲ)အား မင်္ဂလာဒုံမြို့မရဲစခန်းက ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

## လမ်းမပေါ် လောင်းကစားဝိုင်းပြုလုပ်နေသူကို ဖမ်းဆီးအရေးယူ



**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်မြို့ အလုံမြို့နယ် ဂဠုန်ရပ်ကွက် ကမ်းနားလမ်းမြောင်းကြီးထိပ် ကားမှတ်တိုင်အနီး သီရိမင်္ဂလာအိမ်ရာရှေ့တွင် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ဖဲသုံးချပ် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ အလုံမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဌေးအောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် သက်သေများဖြစ်သည့် ဆင်မင်းရပ်ကွက် အရန်မီးသတ် ဒုတပ်ခွဲမှူး ဦးလှမိုး၊ ဌာနရပ်ကွက် ရာအိမ်မှူး ဦးလှကျော်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ ကိုနိုင်(၃၇)နှစ် သမိန်ဗရမ်းလမ်း (၅)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူအား အစိမ်းရောင်၊ အနီရောင်ရေးထားသော ကားချပ်ပေါ်တွင် စတီးခွက်အသေးနှစ်လုံးအတွင်း စတစ်ကာကပ်လျက် အနီရောင်၊ အစိမ်းရောင် လက်လှည့်ပညာဖြင့် လမ်းသွားလမ်းလာခရီးသည်များအား လိမ်လည်လောင်းကစားပြုလုပ်နေကြောင်းတွေ့ရှိရသဖြင့် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ငွေစက္ကူ တစ်ထောင်တန် အသေးနှစ်ရွက်ကို အပေါ်အောက်ညှပ်၍ အတွင်းတွင် ၂၀ ကျပ်တန် ၇၅ ရွက် စုစုပေါင်း ကျပ် ၃၅၀၀၀ အား သိမ်းဆည်းပြီး ကိုနိုင်အား အလုံမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

## တောင်ငူတွင် ကာရာအိုကေဆိုင်နှစ်ဆိုင်အား အရေးယူ

**တောင်ငူ ဒီဇင်ဘာ ၁၆**

တောင်ငူမြို့ အမှတ်(၂) ရဲစခန်းပိုင်နယ်မြေအတွင်းရှိ ကာရာအိုကေဆိုင်များကို ဒီဇင်ဘာ ၁၃ ရက်က ရှောင်တခင်ဝင်ရောက်စစ်ဆေးပြီး ဆိုင်နှစ်ဆိုင်အား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံး မှုခင်းအကူဌာနနှင့် နယ်မြေခံပူးပေါင်းအဖွဲ့တို့သည် တောင်ငူမြို့ အမှတ်(၂)ရပ်ကွက် ရွှေဟင်္သာလမ်းပေါ်ရှိ ကာရာအိုကေဆိုင်နှစ်ဆိုင်အား ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ လိုက်နာရမည့် စည်းကမ်းချက်များဖောက်ဖျက်၍ ဗီဒီယိုဆင်ဆာလက်မှတ်နှင့် ခွင့်ပြုချက်အမှတ်စဉ်ပါရှိသော ဗီဒီယိုအခွေများကို အသုံးမပြုဘဲ တရားမဝင်တေးသီချင်းများအား ကွန်ပျူတာ HARD DISK အတွင်း ထည့်သွင်းအသုံးပြုထားပြီး အခန်းများမှာလည်း ပြင်ပမှ မြင်နိုင်ခြင်းမရှိသည့်အလုံခန်းများကိုအသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့ကြောင့် လိုင်စင်စည်းကမ်းချိုးဖောက်သူ ဆိုင်ပိုင်ရှင်နှင့် ဆိုင်မန်နေဂျာတို့အား အမှတ်(၂)ရဲစခန်းက ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မအရ သက်သေခံပစ္စည်းများအား သိမ်းဆည်းပြီး အရေးယူအမှုဖွင့်လှစ်ထားကြောင်း သိရသည်။ **(ဝ၆၅)**

## ကျော့မှုးမြို့နယ်၌ လူသတ်မှုကျူးလွန်သူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**ကျော့မှုး ဒီဇင်ဘာ ၁၆**

ကျော့မှုးမြို့နယ် ပိန္နဲကုန်းကျေးရွာ တွံတေး-ကျော့မှုး လမ်းပေါ်တွင် ဒီဇင်ဘာ ၁၃ ရက် နံနက် ၃ နာရီက ဆင်ခြံကျေးရွာအနောက်ဘက်ခြမ်းနေ ဦးမြင့်စိန်အား ထိုးသွင်းဒဏ်ရာရှစ်ချက်ဖြင့် သေဆုံးနေကြောင်း သိရသည်။

ထို့နောက် ကျော့မှုးမြို့နယ်ရဲတပ်ဖွဲ့မှ လူသတ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးစုံစမ်းဆောင်ရွက်ခဲ့ရာ သေဆုံးသူ ဦးမြင့်စိန်သည် လွန်ခဲ့သောသုံးနှစ်ခန့်က ၎င်းနှင့်တစ်ရွာတည်းနေ အောင်အောင်၏စက်ဘီးအား ခိုးယူခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ဒီဇင်ဘာ ၁၃ ရက် နံနက် ၂ နာရီ ၅မိနစ်က ဦးမြင့်စိန်နှင့် အောင်အောင်တို့စကားများရန်ဖြစ်ကြစဉ် အောင်အောင်က အသင့်ပါလာသော အရိုး၊ အသွားရှစ်လက်မခန့်ရှိ ဓားဖြင့်ထိုးကာ ဝါးတုတ်ဖြင့်ရိုက်ခဲ့သောကြောင့် ဦးမြင့်စိန်မှာ ဒဏ်ရာရပြီးသေဆုံးသွားသဖြင့် အောင်အောင်အား နံနက် ၅ နာရီ ၅၅ မိနစ်တွင် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိကာ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဝ၄ဝ)**









**ဖခင် အမည်မှန်**

ဖောင်ကြီး အထက၊ နဝမတန်း(က)မှ မောင်ဘုန်းထက်နိုင်၏ ဖခင် အမည်မှန်မှာ ဦးအောင်ဆုအောင် [၁၂/လကန(နိုင်)၁၄၆၃၀၈] ဖြစ်ပါကြောင်း။

ဖခင်-ဦးအောင်ဆုအောင်

**သွေးသည်အသက်**





## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်နေ
ဒေါက်တာဇော်ထက် ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) Hons:B.Sc. D.S.A
Ph.D.(Maths:)M.U. -ဒေါ်အေးအေးမြင့်တို့၏ သား

**ဗိုလ်မှူးမင်းဇော်လင်း**

B.E(Civil),D.S.T.A,M.E(Civil), Y.T.U
ဦးစီးအရာရှိ(ဒုတိယတန်း)၊ စကခ (အထူးဆောက်)

နှင့်

မန္တလေးမြို့၊ (၅၈)လမ်း၊ အိမ်အမှတ်(၇၄/ခ)နေ
ဦးသိန်းတင်(တိုင်းဒေသကြီး ဥပဒေအရာရှိ၊ တနင်္သာရီတိုင်းဥပဒေချုပ်ရုံး)-ဒေါ်မြရီ တို့၏သမီးလတ်

**မစုမြဇင်(LL.B)**

ဒုတိယမြို့နယ်ဥပဒေအရာရှိ (ပြင်ဦးလွင်မြို့နယ်ဥပဒေရုံး)

တို့အား၁၃-၁၂-၂၀၁၃ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးရဲအောင်မြင့်အားလည်းကောင်း၊ ၁၃-၁၂-၂၀၁၃ရက်တွင် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင်ကျင်းပသော မင်္ဂလာဆွမ်းကပ်ဧည့်ခံပွဲကို တက်ရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိမိတ်သင်္ဂဟအပေါင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူအပေါင်းအားလည်းကောင်း၊ ၁၅-၁၂-၂၀၁၃ရက်တွင် ပြင်ဦးလွင်မြို့ Royal Reward Resort Hotel မင်္ဂလာခန်းမတွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော ပြင်ဦးလွင်တပ်နယ်မှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်အောင်လင်းဒွေးနှင့် ဇနီး ဒေါ်ဥမ္မာမြင့်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ဗိုလ်မှူးကြီးတင်အုန်း(ငြိမ်း)နှင့် ဇနီးဒေါ်သန်းသန်းမေအားလည်းကောင်း၊ မင်္ဂလာပွဲကို တက်ရောက်ချီးမြှင့်ပေးသော တပ်မတော်သိပ္ပံနှင့်နည်းပညာသုတေသနဌာန ဌာနချုပ်မှူး ဗိုလ်ချုပ်ကံမြင့်သန်းနှင့် ဇနီး၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်မြင့်နှင့် ဇနီး၊ တပ်မတော်အုပ်ချုပ်မှုကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့်ဇနီး၊ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်သန့်ဇင်အိုးနှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော သတ္တုတွင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဉာဏ်ထွန်းနှင့်ဇနီး၊ အထူးဆောက်လုပ်ရေးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်သက်စိုးနှင့်ဇနီး၊ ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးမျိုးသန့်နှင့်ဇနီး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (ဆောက်လုပ်ရေးအင်ဂျင်နီယာ) ဗိုလ်မှူးကြီးမောင်မောင်မြင့်နှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူး (စစ်မြေပြင်အင်ဂျင်နီယာ) ဗိုလ်မှူးကြီးထွန်းထွန်းနှင့် ဇနီး၊ အမှတ်(၃)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ် တပ်မှူးဗိုလ်မှူးကြီးဇော်နိုင်ဦးနှင့်ဇနီး၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးသော ညီမငယ် အေးမြထွန်း၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော သမီးငယ်မိုးပြည့်နေခြည်၊ မင်္ဂလာပန်းကြဲပေးသော သမီးလေး ဖူးမြတ်နေခြည်အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ ဗိုလ်မှူးဇော်စိုင်း၊ မင်္ဂလာသတို့သမီးအရံ မသဲသဲဆုဆုမိုးအား လည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိ မိတ်သင်္ဂဟအပေါင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူအပေါင်းအား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးမင်းဇော်လင်း-မစုမြဇင်

# အတိုးမဲ့အကြွေးစနစ်ဖြင့် မွေးမြူရေးဆိတ်များဖြန့်ဝေ

မြိုင် ဒီဇင်ဘာ ၁၆

မွေးမြူရေး ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်မှုအရ မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပြည်ရွှေဘိုဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီတို့ ပူးပေါင်း၍ ကျေးလက်ဒေသနေပြည်သူများ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် မွေးမြူရေးဆိတ်များ အတိုးမဲ့အကြွေးစနစ်ဖြင့် ဖြန့်ဝေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၂ ရက်တွင် မြိုင်မြို့နယ်၊ လင်းကတောကျေးရွာ၊ လင်းစေတနာအဆောက်အအုံရှေ့၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာမောင်မောင်စိုးဦး၊ မြို့နယ်မွေး/ကုဦးစီးမှူး ဒေါက်တာသောင်းစိန်၊ ပြည်ရွှေဘိုဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီတာဝန်ခံ ဦးစိုးမင်းမောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မွေး/ရေကျေးလက်လူငယ်များနှင့် ဆိတ်မွေးမြူကြမည့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆိတ်မွေးမြူရေးအစုအဖွဲ့(၅)ဖွဲ့၊ အဖွဲ့ဝင် ၂၆ ဦးတို့အား ဆိတ်ထီး၂၆ကောင်၊ ဆိတ်မတမ်း ၁၁၄ကောင် စုစုပေါင်းကောင်ရေ ၁၄၀ကိုပေးအပ်ပြီး၊ ဆိတ်တန်ဖိုးငွေကို တစ်နှစ်ဆိုင်း အတိုးမဲ့အကြွေးစနစ်ဖြင့် ဖြန့်ဖြူးခြင်းဖြစ်ကြောင်း၊ တစ်နှစ်ပြည့်ချိန်တွင် တန်ဖိုးငွေဖြစ်စေ၊ အရင်းအဖြစ်ဆိတ်ကိုဖြစ်စေ၊ ပြန်လည်စုဆောင်းပြီး ထပ်မံမွေးမြူလိုသူများအား ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးနည်းစနစ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်မွေး/ကုဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ရရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသဖြင့် ကျေးလက်ဒေသနေ တိရစ္ဆာန်မွေးမြူသူများ အဆင်ပြေလာပြီဖြစ်၍ ဝမ်းမြောက်လျက်ရှိနေကြောင်း သိရသည်။

**အောင်(မန်းတက္ကသိုလ်)**



# ခရီးသွားများ သက်သောင့်သက်သာသွားလာနိုင်ရေး ရထားလမ်းများ အဆင့်မြှင့်တင်

ရေတာရှည် ဒီဇင်ဘာ ၁၆

မြန်မာ့မီးရထားဖြင့် ခရီးသွားကြသည့် ပြည်သူများ အဆင်ပြေစွာ သက်သောင့်သက်သာသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားမှ ရန်ကုန်- မန္တလေးရထားလမ်း ရထားလမ်းပိုင်းတစ်လျှောက် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မြောက်ဘက် ညောင်ပင်ကိုင်းကျေးရွာအနီး ကားလမ်းနှင့်ရထားလမ်းဆုံရာနေရာတွင် အငယ်တန်းအင်ဂျင်နီယာ-၁ (သံလမ်း)မှ ဦးကျော်ကျော်ဦး ဦးစီးသည့် ဝန်ထမ်းများက အောက်ခံကွန်ကရစ် ဇလီဖားလဲလှယ်ခြင်း၊ ရထားသံလမ်းအသစ်များ လဲလှယ်တပ်ဆင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ သည်ကို ဒီဇင်ဘာ ၁၃ရက်က တွေ့မြင်ရသည်။

**ကိုလွင်(ဆွာ)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ပန်းတောင်း ဒီဇင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရဲအောင်ခန်းမ၌ ဒီဇင်ဘာ ၁၁ရက် နံနက် ၁၁နာရီက လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ထုံးဘိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးမြင့်ဆွေမှ အဖွင့်အမှာစကားပြောကြားပြီး ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်မြင့်ဦးက ရဲတပ်ဖွဲ့လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့စုမှူးရုံး(ပဲခူး) တပ်ဖွဲ့လက်အောက်ရှိ တပ်ဖွဲ့စုမှူးရုံးခွဲ(ပြည်-သာယာဝတီ)မှဒုတိယရဲမှူးမျိုးသိန်းက လူကုန်ကူးမှုဆိုင်ရာ တားဆီးကာကွယ်ရေး အသိပညာပေးများကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

အခမ်းအနားသို့ ထုံးဘိုနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်စုမှူးများ၊ အရန်မီးသတ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(ဝ၄၂)

# သဃ်န်းကျွန်းမြို့နယ်တွင် ထရန်စဖော်မာများ တပ်ဆင်

သဃ်န်းကျွန်း ဒီဇင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်တွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က ကြီးကြပ်၍လျှပ်စစ်အန္တရာယ်ကင်းဝေးရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက်ဆောင်ရွက်ခဲ့ရာ (ဆ/က)ရပ်ကွက်၊ သမာဓိ(၅)လမ်းနှင့်ခိုင်သဇင်လမ်းတို့တွင် ၃၁၅ကေဗွီအေထရန်စဖော်မာ နှစ်လုံး၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၇)လမ်းထောင့်တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး ၊ ရန်ကုန်သစ်ရပ်ကွက်၊ ညီညွတ်ရေးလမ်းတွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ လေးထောင့်ကန်ရပ်ကွက်၊ ဖြတ်လမ်း(၄)တွင် ၃၁၅ ကေဗွီအေထရန်စဖော်မာ တစ်လုံး၊ စုစုပေါင်း ၃၁၅ ကေဗွီအေ ထရန်စဖော်မာ ငါးလုံးတိုး ချဲ့တပ်ဆင်၍ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဦးကြည်ခ(ဒိုက်ဦး)**



အစိုးရကြော်ငြာ







ကျေးဇူးဆပ်ပါမည်

ကျွန်မ ရာဇူးမေ၏ Passport no. 726572 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၃၁၀၄၀၂၇၁

သွေးသည် အသက်

# ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်၍ ပြည်သူများဝမ်းမြောက်



**ဆိပ်ဖြူ ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် သက္ကယ်ကျင်းကျေးရွာ ပုသိမ်- မုံရွာလမ်းမပေါ်အထိ မကွေးတိုင်းဒေသကြီး (ဒုတိယဦးစားပေး) အခွန်ဆိုင်ကယ်လိုင်စင်ကြေး ရန်ပုံငွေဖြင့် ကျေးရွာချင်းဆက်လမ်း မြေသား၊ မြေနီခင်းခြင်းလုပ်ငန်းလမ်း အရှည်(၁)မိုင်ခန့် ခွင့်ပြုငွေ ၂၄၁ သိန်းခန့် ကုန်ကျခံပြီး မြေသား ၁၈ ပေကျယ်နှင့် မြေနီ ၁၂ ပေ ကျယ်ခင်းကျင်းဖောက်လုပ်ခဲ့ရာ ၈၀ ရာခိုင်နှုန်း ဖောက်လုပ်ပြီးစီးခဲ့မှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရှိန်မြင့်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိန်းတို့ ဒီဇင်ဘာ ၁၀ ရက်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား ကွင်းဆင်းကြီးကြပ်စစ်ဆေးဆောင်ရွက်ကြကြောင်းနှင့် ကျေးရွာပြည်သူများမှ ရာသီမရွေး ကူးလူးသွားလာနိုင်တော့မည်ဖြစ်သဖြင့် ဝမ်းသာပီတိများဖြစ်မိပါကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ပွဲကြည့်စင်ရေရှည်ခိုင်မြဲရေး ကျောက်စီမြေထိန်းနံရံ ဆောက်လုပ်

**ဂန့်ဂေါ ဒီဇင်ဘာ ၁၆**

ဂန့်ဂေါမြို့နယ် အားကစားကွင်း ပွဲကြည့်စင်ရေရှည်ခိုင်မြဲရန်အတွက် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီက ကျောက်စီမြေထိန်းနံရံကို ဒီဇင်ဘာ ၁၂ရက်မှစတင်ကာ ဆောက်လုပ်လျက်ရှိသည်။ အား/ကာကော်မတီရန်ပုံငွေ ကျပ် ၁၅ သိန်း၊ မြောက်ကုန်းရပ်ကွက်နေ ဦးမြို့ဖေက ငွေကျပ် ၁၅သိန်း၊ စည်ပင်သာယာရပ်ကွက်နေ ဦးဌေးလွင်က ငွေကျပ် ၅သိန်းတို့ ထည့်ဝင်လှူဒါန်းကြကြောင်းနှင့် အားကစားကွင်းအဝင်မုခ်ဦးကိုလည်း ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၆၅)**



# လူထုအားကစားလှုပ်ရှားမှု လမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ SEA GAMES အားကစားပြိုင်ပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်တွင် ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန(ပန်းခြံမှတ်တိုင်)စုရပ်အဖြစ် သတ်မှတ်ပြီး ဒီဇင်ဘာအားကစားလလူထုလှုပ်ရှားမှု လမ်းလျှောက်ပွဲကျင်းပသည်။**(အပေါ်ပုံ)**

လမ်းလျှောက်ပွဲသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်တို့ ဦးဆောင်၍ ဝန်ထမ်းများ၊ ရပ်ကွက်(၂၁)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသောပြည်သူများ စုစုပေါင်း အင်အား ၂၀၀၀ ခန့် တပျော်တပါး ပါဝင်ဆင်နွှဲလမ်းလျှောက်ကြသည်။

လမ်းလျှောက်ပွဲကို စုရပ်အဖြစ် မြို့နယ်ကျန်းမာရေးဦးစီးဌာန (ပန်းခြံမှတ်တိုင်)မှ စတင်၍ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်းတစ်လျှောက် ရွှေပြည်အေးလမ်းသို့ ဆက်လက်လမ်းလျှောက်ကြပြီး ရွှေပြည်အေးလမ်းမှ ဘူတာရုံလမ်းတစ်လျှောက် ဆက်လက်လမ်းလျှောက်ကြကာ မီးရထား၊ ဘောလုံးကစားကွင်းအတွင်းသို့ ရောက်ရှိကြပြီး ကျန်းမာရေးသွေးပူလေ့ကျင့်ခန်းများနှင့် စုပေါင်းလှုပ်ရှားမှုများ ပြုလုပ်ကြသည်။

**(၆၈၄)**

**ဩစတြေးလျနိုင်ငံ Myanmar Eye Care Programme မှ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ဒုတိယအသုတ် မျက်စိအတွင်းတိမ် လူနာ ၃၀၀၀ ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးရန်အတွက် ပထမအကြိမ် အလှူငွေကျပ် သိန်း ၂၀၀ ကို MECP ဂုဏ်ထူးဆောင်ညွှန်ကြားရေးမှူး Dr. Geoffrey Cohn နှင့် အဖွဲ့က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမောင်မောင်နှင့် အဖွဲ့ဝင်များလက်ခံစဉ်။** (ကြေးမုံ)



# လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဘောလုံးပြိုင်ကျင်းပ

**မြိတ် ဒီဇင်ဘာ ၁၆**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတ္တမအကြိမ်မြောက် သံသရာအေးဖလားဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ရက် ညနေ ၃ နာရီခွဲက မြိတ်မြို့ ရှမ်းချောင်းရပ်ဘောလုံးကွင်းတွင် ကျင်းပရာ သံသရာအေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း(က)အသင်းနှင့် အဖြူရောင်လူငယ်များအသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း(၁၆)သင်း ပါဝင်ယှဉ်ပြိုင်ကစားကြပြီး ဇန်နဝါရီ ၄ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြိတ်ခရိုင်(ပြန်/ဆက်)**






## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်အမှတ်(၁၁၉)အနီးတွင် ခေတ်မီအဆင့်မြင့်ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်း(PPP)စနစ်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - ၁၆-၁၂-၂၀၁၃ရက်မှ၁၅-၁-၂၀၁၄ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာ နောက်ဆုံးတင်ရမည့်ရက် | - ၁၆-၁-၂၀၁၄ ရက် (၁၆း၀၀)နာရီ |
| တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။ |
| ဆက်သွယ်ရန် | - ၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အေးသာယာကားကြီးကွင်း အနောက်ဘက်တွင် ပြည်သူ့အိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း(PPP) စနစ်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - ၁၆-၁၂-၂၀၁၃ရက်မှ၁၅-၁-၂၀၁၄ရက်အထိ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာ နောက်ဆုံးတင်ရမည့်ရက် | - ၁၆-၁-၂၀၁၄ ရက် (၁၆း၀၀)နာရီ |
| တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။ |
| ဆက်သွယ်ရန် | - ၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ ရှေ့တန်းစခန်း ပုသိမ်(ကန်ကြီးထောင့်)မြေနေရာအနက်မှ အကျယ်အဝန်း ပေ(၅၀၀×၂၀၀) ၂. ၂၉၀ ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်ရှည်မြေငှားရမ်းလိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါသွင်းရမည့်ရက်/အချိန် | - ၂၃-၁-၂၀၁၄ ရက်(ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ |
| | တင်ဒါစိစစ်မည့်နေရာ | - ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | - ၂၃-၁-၂၀၁၄ ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀ နာရီ |

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရှေ့တန်းစခန်း(ကန်ကြီးထောင့်)ရုံးတွင် ၁၈-၁၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံ(၁) အခြေခံယာဉ်မောင်းသင်တန်းကျောင်း

-အခြေခံယာဉ်မောင်းသင်တန်း အပတ်စဉ် (၂၅၅)ကို ၇-၁-၂၀၁၄ ရက်နှင့်
-စနေ/တနင်္ဂနွေ အထူးသင်တန်းကို ၄-၁-၂၀၁၄ ရက်တွင် ဖွင့်ပါမည်။
-အင်ဂျင်၊ ဂဟေ၊ တွင်ခုံ ဖောက်ခုံ သင်တန်းကို ၈-၁-၂၀၁၄ ရက်တွင် ဖွင့်လှစ်ပါမည်။
-သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။

လမ်းညွှန် -(၁)အောက်ပုဇွန်တောင်လမ်း၊ ထင်းပုံဆိပ်၊ ဗန္ဓုလတံတားအောက်၊ ခပ(၁၂)ဝင်း၊ ရွှေညော်သည်(၁)ဂိတ်ဆုံး
-(၂)မဟာဗန္ဓုလတံတား၊ Ocean Center အနီး ၃၄၊ ၃၅၊ ၅၇ သန်လျင်ကားများစီး၍ Ocean မှတ်တိုင်ဆင်းပါ။
-ဖုန်း- ၀၁-၂၉၁၃၅၃၊ ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄

## ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အိတ်ဖွင့်လေလံ (Open Bidding) ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ အင်ဂျင်နီယာဌာန သင်္ဘောကျင်းဌာနခွဲများမှ သံထည်ပစ္စည်းဟောင်း(ခန့်မှန်း) (၂၆၀)တန်၊ သံပြား၊ သံကိုင်းဟောင်း(ခန့်မှန်း) (၁၅၄. ၅၄)တန်နှင့် အရည်ကျိုလောင်းတုံး (In gots) (ခန့်မှန်း) (၁၅၅. ၅၂)တန်တို့ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံတင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်လေလံဖွင့်ပွဲကို ၃၁-၁၂-၂၀၁၃ရက် ၁၄း၃၀ နာရီတွင် ကျင်းပပါမည်။
၃။ လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၆-၁၂-၂၀၁၃ ရက်မှ ၂၇-၁၂-၂၀၁၃ ရက်အတွင်း အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)၊ ပထမထပ်၊ စီမံရေးရာဌာနတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံထုခွဲရောင်းချရေးအဖွဲ့**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လူနေရပ်ကွက်အမှတ်(၃၂)၊ ငွေပြည်သာ(၂)လမ်း၊ မြေကွက်အမှတ်(၁၂၁၃)၊ အကျယ်အဝန်း ပေ(၄၀×၆၀)အကျယ်ရှိ ဦးဇော်လင်းအမည်ပေါက်သည့် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူလက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးခိုင်ဇော်အေးမောင် [၁၂/ကမရ(နိုင်)၀၀၁၄၄၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤနို့တစ်စာထုတ်သည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ကျော်ထွန်း LL.B,LL.M အထက်တန်းရှေ့နေ(စဉ်-၃၃၅၀၅)**
**လိပ်စာ-(၀/၂၁၈)၊ သာသနမဏ္ဍိုင်လမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊**
**သန်လျင်မြို့။ ဖုန်း ၀၉-၇၃၁၁၆၆၃၁၊ ၀၉-၄၂၀၁၈၉၉၁၉**

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

**ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ **ဝေါမြို့နယ် စစ်တောင်းမြစ်အနောက်ဘက်ခြမ်းရှိ တနော်ကျွန်းကျေးရွာနှင့် အညာစုကျေးရွာများသည် နှစ်စဉ် စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုသည့်ဒဏ်ကိုခံစားရသဖြင့် ယခုအချိန်အထိ အိမ်ထောင်စု (၃၆)စုအား ဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားခဲ့ရပြီး ရေတိုက်စားမှုကြောင့် တဖြည်းဖြည်းကမ်းပြိုလာပြီး လက်ရှိအချိန်တွင် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိနေသဖြင့် အမြန်ဆုံးဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဝေါမြို့နယ် စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ တနော်ကျွန်းကမ်းပြိုကာကွယ်ရေးအတွက် ဤဦးစီးဌာနမှ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ကမ်းပြိုကာကွယ်ရေးအတွက် နှစ်တန်းသွားမျောတိုင်တန်း ကျောက်ဖြည့်ရေကာ (၅၀၀)မီတာ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မီးဘေးနှင့်သဘာဝဘေး အန္တရာယ်ကာကွယ်ရေး ရန်ပုံငွေခေါင်းစဉ်အောက်တွင် ထည့်သွင်းရေးဆွဲတောင်းခံပြီး မိမိဦးစီးဌာန၊ ဒေသရုံးများမှ နည်းပညာပံ့ပိုး၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ရွှေကျင်မြို့နယ်ကျက်သရေဆောင် သမိုင်းဝင် အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်၏ တောင်ဘက်အရပ်ရှိ ရွှေကျင်ချောင်းကမ်းပါးသည် ရွှေကျင်ချောင်းနှင့် မဒမချောင်းတို့မှ ချောင်းရေတိုက်စားမှုကြောင့် လွန်ခဲ့သည့် နှစ်(၂၀)ခန့်မှစ၍ ကမ်းပါးပြိုလျက်ရှိရာ အန္တရာယ်ရှိလာခြင်းတို့ကြောင့် ရွှေကျင်ချောင်းကမ်းထိန်းနံရံ တည်ဆောက်နိုင်ရေးခွင့်ပြုပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ သမိုင်းဝင်အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီ၏ ရွှေကျင်ချောင်းနှင့် မဒမချောင်းတို့မှ ချောင်းရေတိုက်စားမှုကြောင့် ဤဦးစီးဌာနမှ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလတွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ လိုအပ်သော (Design) ရေးဆွဲမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အပေါ်မူတည်၍ ဆောင်ရွက်သင့်သည့် အစီအမံများအား မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရန်ပုံငွေမှ သုံးစွဲဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရထံ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ **ပြည်မြို့၊ ရွှေတံခါးဘူတာအတွင်း လျှပ်စစ်မီးသွယ်တန်းရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** ပြည်မြို့၊ ရွှေတံခါးဘူတာအတွင်း ၂၀၁၀ ခုနှစ်၊ ဩဂုတ်လမှစတင်၍ လျှပ်စစ်မီးရရှိရန်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ညောင်ကုန်းအုပ်စုအတွင်းရှိ အုတ်တွင်းကုန်းဘူတာ၌ ဘူတာရုံအသစ်တည်ဆောက်ပေးပါရန်နှင့် ကွန်ကရစ်ပလက်ဖောင်းပြုလုပ်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဘူတာပလက်ဖောင်းကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်းကိုနိုဝင်ဘာလကုန်အပြီးဆောင်ရွက်ပေးပါမည်။ လက်ရှိဘူတာရုံပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ကြို့ပင်ကောက်ရထားလမ်းကူးခဲ့ ့ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ပေးပါမည်။ ကားလမ်းအကျယ်အတိုင်း ရထားလမ်းကိုပြုပြင်ပေးပြီးဖြစ်ပါသည်။ စည်ပင်သာယာမှ လမ်းလယ်ကျွန်းပြုလုပ်ပေးပါက အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားဂိတ်တံခါးကို နိုဝင်ဘာလကုန်အပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ **မင်းလှမြို့ပေါ်တွင် GSM တာဝါတိုင်တစ်တိုင်နှင့် ဆင်တဲကုန်း၊ ဒီလှိုင်းနှင့် စိန်ကန့်လန့်ကျေးရွာတို့တွင် GSM တာဝါတိုင်များ တည်ဆောက်ပေးနိုင်ပါရန်နှင့် အော်တိုတယ်လီဖုန်းကြိုးလိုင်းများ၊ ကေဘယ်များကောင်းမွန်စွာဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတွင် တာဝါတိုင် ခြောက်နေရာတည်ဆောက်ရန်လျာထားသည့်အနက် မင်းလှမြို့နယ်တွင် တာဝါတိုင်တစ်နေရာတည်ဆောက်ရန်လျာထားပါသည်။ ယခု ဘဏ္ဍာရေးနှစ်တွင် မြေနေရာရရှိမှုပေါ်မူတည်ပြီး စိန်ကန့်လန့်ကျေးရွာတွင် တာဝါတိုင်တစ်တိုင် တည်ဆောက်ရန်လျာထားပါသည်။ နောင်လာမည့် စီမံကိန်းများတွင် GSM စခန်းများတိုးချဲ့ဆောင်ရွက်သွားပါမည်။ ကြိုးလိုင်းများ အရည်အသွေးကောင်းမွန်စေရန် လဲလှယ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ရွှေကျင်မြို့နယ်တွင် GSM တယ်လီဖုန်းလိုင်းများ မကြာခဏ ပြတ်တောက်မှုဖြစ်ပေါ်ခြင်း၊ လိုင်းကျခြင်းများအား ပြတ်တောက်မှုမရှိစေရေး စိစစ်ဆောင်ရွက်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍** မေးမြန်းချက်အပေါ် မိုဘိုင်းတယ်လီဖုန်းများ အချိန်ပြည့်အသုံးပြုနိုင်ရန်အတွက် ဆက်ကြောင်းမပြတ်တောက်စေရေး၊ လျှပ်စစ်ဓာတ်အားပေးမှု ပြတ်တောက်မှုမရှိစေရေး၊ အရန်ဓာတ်အားပေးစက်ကောင်းမွန်စေရေးနှင့် စက်ပစ္စည်းများချွတ်ယွင်းမှု မရှိစေရန်နှင့် ချွတ်ယွင်းမှုဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ပြုပြင်နိုင်ရေးတို့အား ဌာနမှလည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး LSP ကုမ္ပဏီအား တာဝန်ပေးလျက် ပြတ်တောက်မှုနည်းပါးစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ရွှေတောင်မြို့နယ် နွားမယဉ်ကျေးရွာ၊ ကျီးတဲကျေးရွာ၊ ထန်းကုန်းကျေးရွာ၊ ကွဲတလင်းကျေးရွာများတွင် တာဝါတိုင်များ ထပ်မံစိုက်ထူပေးရန်၊ ကြိုးဖုန်းများ မကြာခဏလိုင်းပျက်ခြင်းကို မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရနှင့် ညှိနှိုင်းလျာထားပြီး ထပ်မံတိုးချဲ့မည့် စခန်းခြောက်ခုစာရင်းတွင် ရွှေတောင်မြို့နယ် နွားမယဉ်ကျေးရွာ၊ ကျီးတဲကျေးရွာ၊ ထန်းကုန်းကျေးရွာ၊ ကွဲတလင်းကျေးရွာများမပါရှိပါ။ သို့သော်လည်း နွားမယဉ်ကျေးရွာသည် ရွှေတောင်မြို့မှ သုံးမိုင်ခန့်သာကွာဝေးသဖြင့် မိုဘိုင်းဖုန်းဆက်သွယ်မှုများ ခေါ်ဆိုမှုအဆင်ပြေစေရန် သက်ဆိုင်ရာ ကျွမ်းကျင်အင်ဂျင်နီယာများစေလွှတ်၍ စက်မှုပိုင်းဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ နွားမယဉ်ကျေးရွာရှိ ကြိုးဖုန်းသုံးစွဲသူများ လွယ်ကူချောမွေ့စွာသုံးစွဲနိုင်ရန် လိုအပ်သည့် ကေဘယ်ကြိုးများအသစ်လဲလှယ်ပေးခြင်းကို ဆောင်ရွက်ပေးသွားပါမည်။ ဖုန်းလိုင်းများ မကြာခဏပြတ်တောက်ခြင်းကို တိုင်းမန်နေဂျာအား ကြပ်မတ်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ်ဆောင်ရွက်မှုအခြေအနေများ**

၁။ **မိုးညိုမြို့နယ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လွှဲပြောင်းခြင်းဆောင်ရွက်နေပြီဟု သိရှိရပါသည်။ ယခုအခါ ၎င်းလမ်းမကြီးမှာ ဆိုးရွားစွာပျက်စီးနေပါ၍ လောလောဆယ် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဗိုလ်ချုပ်အောင်ဆန်းလမ်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး သဘာဝဘေးဒဏ်ရန်ပုံငွေဖြင့် ချမှတ်ထည့်သွင်း၍ ပြင်ဆင်ထိန်းသိမ်းပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ရန်ကုန်-ပြည်ကားလမ်း လမ်းပခုံး အားနည်းချက်များရှိနေသဖြင့် မည်သို့ပြုပြင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်းမေးမြန်းချက်နှင့်ပတ်သက်၍ ရန်ကုန်-ပြည်လမ်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ B.O.T စနစ်ဖြင့် မက်စ်မြန်မာကုမ္ပဏီအားလွှဲပြောင်းပြီးဖြစ်ပါသည်။ မက်စ်မြန်မာကုမ္ပဏီမှ လမ်းပခုံးများနိမ့်ကျနေမှုအား မူလ ၁၈ ပေလမ်းအား တစ်ဖက်လျှင် သုံးပေစီချဲ့၍ ၂၄ပေအကျယ် လမ်းတိုးချဲ့ခြင်းလုပ်ငန်း အစီအစဉ်အား နှစ်နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားပါမည်၊ မူလလမ်းသားမျက်နှာပြင်အား ချောမွေ့အောင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ရန်ကုန်-တောင်ငူ-မန္တလေးလမ်း ဒိုက်ဦးမြို့အဝင် ပေ ၄၀ အကျယ်ချဲ့ခြင်းဆောင်ရွက်ပေးပါရန်** စာမျက်နှာ ၁၉ သို့ ❑


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
## (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ၂၀၁၂-၂၀၁၃ပညာသင်နှစ် Ph.D(IT)ဘွဲ့သင်တန်း၊ M.C.Sc./M.C.Tech.ဘွဲ့သင်တန်း၊ B.C.Sc.(Hons:)/B.C.Tech.(Hons:)ဘွဲ့သင်တန်းနှင့် B.C.Sc./B.C.Tech ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမတွင် ၇-၂-၂၀၁၄ရက် (သောကြာနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၈-၂-၂၀၁၄ရက်၊ (စနေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ရိုက်ထားသော ၂"×၁½"အရွယ် ဓါတ်ပုံ (၃)ပုံပူးတွဲ၍ **ဘွဲ့နှင်းသဘင်တက်ရောက်ရန်** (သို့မဟုတ်)**အဝေးရောက်ဘွဲ့ယူရန်**ဟု ထင်ရှားစွာ ဖော်ပြလျက် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင်ငါးကျပ်တိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ် ထောင်တိတိ) ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များက ပထမဘွဲ့ယူပြီး၍ ယခုနှစ်အတွက် ဘွဲ့လွန်ဘွဲ့ယူရန် လျှောက်ထားသူများသည် မူလဘွဲ့လက်မှတ်မိတ္တူကို ပူးတွဲတင်ပြ လျှောက်ထားရမည်။

၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal money order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟုဖော်ပြပြီး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာ ဖော်ပြရမည်။ (ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်- ၀၁-၆၁၀၈၈၉ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဒေါက်တာအေးအေးသင်း၊ မော်ကွန်းထိန်းအဆင့်(၁)**
**စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**



## အိမ်ရောင်းမည်

ပြင်ဦးလွင်မြို့၊ ပေ(၆၀×၆၀)၊ ရေမီးအစုံ-တစ်ထပ်တိုက်ပု၊
မြနန္ဒာဟိုတယ်အနီး၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ဖုန်း-၀၉-၂၀၄၅၄၄၇**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်(၆၄၇)၊ မြေကွက်တည်နေရာအမှတ်-၆၄၇၊(၄၁)ရပ်ကွက်၊ ဒဂုံမြောက်(ဒေါ်ခင်ရီရီ) (CJ-027743) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ရီရီ[၁၂/စခန(နိုင်)၀၀၄၄၉၆]ကိုယ်တိုင်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာနှင့် ၂၀၀၆ခုနှစ် အရောင်းအဝယ်မြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၈၀၇/၁၃(၁၅-၇-၂၀၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးမင်းဇော်[၁၂/သဃက(နိုင်)၀၃၄၀၄၈]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။


**၁၀၀% အောင်ချက်အကောင်းဆုံး စွမ်းဆောင်ပေးနိုင်သော**

**Better Tomorrow**

## EPS-TOPIK

## (ကိုရီးယားလုပ်ငန်းခွင်) သင်တန်းကျောင်း

- ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ချင်သူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သော EPS သင်တန်းကျောင်း။
- ပညာအရည်အချင်းမလိုဘဲ လစာ(၁၀)သိန်းအထက် ရရှိနိုင်သော အခွင့်အရေးကို လက်လွတ်မခံဘဲ ကိုရီးယားဆရာကိုယ်တိုင် သင်ကြားသော EPS-TOPIK နှင့် ဆက်သွယ်ပြီး သွားကြပါစို့။
- EPS နှင့် Speaking တန်းခွဲသစ်များ ၁၀-၁-၂၀၁၄ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။

**Co-Operative With Korea Social Education Center of Myanmar.**

**အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**

**Ph:01-512804, 09-421091080,09-43029256**


**အမည်ပြောင်း** ရွှေပြည်သာမြို့နယ်၊ ညောင်ရမ်းကျေးရွာ၊ (၈)ရပ်ကွက်နေ (အဖ)ဦးဝင်းညွန့်၏ သမီး မဇင်မာဝင်း[၁၂/ရပသ(နိုင်)၀၅၃၈၀၅]အစား မဝတီမေမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၀/ခ)နေ ဒေါ်ဇင်ဇင်မြင့်[၁၂/လမတ(နိုင်)၀၂၉၁၆၉]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ယုဇနပလာဇာဈေးရှိ Venus Fashion အထည်ဆိုင်ပိုင်ရှင် ဒေါ်ဇင်ဇင်မြင့်သည် အောက်တွင် ဖော်ပြထားသော Girl Jeans တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်-၄/၁၁၈၆၀/၂၀၁၃ ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီး ချုပ်လုပ်ပြီး အဝတ်အထည်မျိုးစုံ အရွယ်အစားအမျိုးမျိုးကို မြန်မာပြည်အနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် Girl Jeans ကုန်အမှတ်တံဆိပ်ကို ဒေါ်ဇင်ဇင်မြင့်ထက်စောစွာ မှတ်ပုံတင်သွင်းထားသူမရှိကြောင်းလည်း ညွှန်ကြားချက်အရ သိရှိရပါ သည်။

**တံဆိပ်အမှတ်အသား**



**စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-၁၁၈၆၀/၂၀၁၃**

ယခုအခါ အဆိုပါ Girl Jeans တံဆိပ်အမှတ်အသားကို ဆင်တူယိုးမှားတုပလျက် အသင့်ချုပ်ပြီး အဝတ်အထည်များတွင် တပ်ဆင်အသုံးပြုပြီး မြန်မာပြည်အတွင်း ဖြန့်ဖြူးရောင်းချနေကြောင်း သိရှိရပါသည်။

ဒေါ်ဇင်ဇင်မြင့်၏ Girl Jeans ကုန်အမှတ်တံဆိပ်သည် မြန်မာနိုင်ငံ၌ ၎င်းတစ်ဦးတည်းမူပိုင်အဖြစ် ဦးစွာမှတ်ပုံတင်သွင်းထားပြီးဖြစ်သဖြင့် Girl Jeans ကုန်အမှတ်တံဆိပ်အစစ်အမှန်ကိုသာ ဝယ်ယူသုံးစွဲကြပါရန်နှင့် Girl Jeans ကုန်အမှတ်တံဆိပ်ကို အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား ထပ်တူပုံတူဖြစ်စေ၊ အရောင်အဆင်းတုပ၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဖြန့်ဖြူးရောင်းချနေသူများအား ခိုင်လုံသောအထောက်အထားများဖြင့် တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့ဖြင့် ထိရောက်စွာ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုဝင်း (B.Sc, R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၈၂)**
**အမှတ်-၄၆၊ လှိုင်မြစ်လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၃၉၃၂၂**

❑ စာမျက်နှာ (၁၈) မှ

**မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်-တောင်ငူ-မန္တလေးကားလမ်း (ပဲခူး-ညောင်လေးပင်အပိုင်း)သည် မိုင် (၇၀/၀-၉၈/၀) ထိ ၁၈ မိုင်ကို ရွှေသံလွင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တစ်နေ့ ယာဉ်စီးရေပျမ်းမျှ ၂၄၀၀ ကျော်ဖြတ်သန်းသွားလာလျက်ရှိပါသည်။ ဒိုက်ဦးမြို့တွင်း မိုင် (၈၄/၀ - မိုင် ၈၇/၀)အထိ ပေ ၄၀ အကျယ်ရရှိရန် မြေသားတာပေါင်ချဲ့ခြင်း၊ တစ်ဖက် သုံးပေအကျယ်နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလဆန်းမှစ၍ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **ရန်ကုန်-ပြည်-မန္တလေးလမ်း သဲကုန်းမြို့နယ် ပေါင်းတည်နှင့် ရွှေတောင်ကြား မိုင်တိုင်အမှတ် (၁၅၉/၀)နှင့် (၁၄၆/၆)အကြား လမ်းပခုံးမြေများ နိမ့်ကျလျက်ရှိပြီး မော်တော်ကား၊ ဆိုင်ကယ်များအန္တရာယ်ရှိနိုင်ပါသဖြင့် လမ်းပခုံးမြေအား အဆင့်မြှင့်တင်ရန်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်-ပြည်လမ်းမကြီးတွင် ပေါင်းတည်-ရွှေတောင်ကြား မိုင် (၁၅၉/၀)နှင့် (၁၄၆/၆)အကြားသည် မက်စ်မြန်မာကုမ္ပဏီမှ BOT ကောက်ခံနှုန်း မရရှိသေးဘဲ လေလံနှုန်းဖြင့်သာကောက်ခံ၍ လမ်းပြုပြင်ဆောင်ရွက်နေသောအပိုင်းဖြစ်ပါသည်။ မက်စ်မြန်မာကုမ္ပဏီမှ (၁၈)ပေ အကျယ်လမ်းအား ၂၄ ပေအကျယ်ရရှိစေရန် တစ်ဖက်သုံးပေစီချဲ့၍ ဇီးကုန်းမြို့နယ်မှစတင်ဆောင်ရွက်လျက်ရှိပါသည်။ အောက်ခံကွန်ကရစ်လောင်း၍ အပေါ်တွင် AC ခင်းပါမည်။ သဲကုန်းမြို့နယ်အပိုင်းတွင် မြေနီခင်း၍ လမ်းပခုံးလုပ်ငန်းအားချက်ချင်းဆောင်ရွက်သွားပါမည်။ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ သဲကုန်းမြို့နယ်သို့ရောက်ရှိလျှင် မြေနီများခြစ်ထုတ်ပြီး အောက်ခံကွန်ကရစ်လောင်း၍ အပေါ်တွင် AC ခင်းခြင်းလုပ်ငန်းများအား နှစ်နှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

## လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းဆင်း

**စလင်း ဒီဇင်ဘာ ၁၆**

စလင်းမြို့နယ် အမှတ် (၆၉) စက်မှုလယ်ယာစခန်း (ဆင်ဖြူကျွန်း) ခန်းမ၌ ဒီဇင်ဘာ ၅ ရက် ညနေ ၃ နာရီက လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံ သင်တန်း အမှတ်စဉ် (၁/၂၀၁၃) ဆင်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး အမှတ် (၆၉) စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးမှူး ဦးမိုးကျော်က သင်တန်းဖွင့်လှစ်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါ သင်တန်းသို့ကျေးရွာအုပ်စု ၂၄ အုပ်စုမှ သင်တန်းသား ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စီးပွားရေးကြော်ငြာ

## ရှေးအစဉ်အလာမပျက်တဲ့ပဒါန်းကျေးရွာ

**ငဖဲ ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်းကျေးရွာသည် ပုသိမ်-မုံရွာကားလမ်းနှင့် မင်းဘူး-အမ်းလမ်းဆုံ၌တည်ရှိပြီး ငဖဲမြို့နယ် ကျက်သရေဆောင်ကျေးရွာကြီးတစ်ရွာဖြစ်သည်။ လမ်းမကြီးနှစ်လမ်းဆုံရာတွင် တည်ရှိသောကြောင့် စီးပွားရေးအချက်အချာကျပြီး ပတ်ဝန်းကျင်ကျေးရွာများနှင့်လည်း ဆက်သွယ်ရေးကောင်းမွန်လှသည်။ စီးပွားရေးလုပ်ငန်းကောင်းသောကြောင့် မိမိမြို့နယ်တွင်းကျေးရွာများနှင့် မင်းလှ-မင်းတုန်းမြို့နယ်ရှိ ကျေးရွာအချို့သည် နံနက်စောစောပိုင်းမှစ၍ ကား၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီများဖြင့် ရောက်ရှိလာကြပြီး ရောင်းဝယ်ဖောက်ကားနေကြသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် ပဒါန်းကျေးရွာသည် စည်ပင်ဖွံ့ဖြိုးတိုးတက်ပြီး တစ်နေ့ထက်တစ်နေ့ စီးပွားရေးလုပ်ငန်းများနှင့် တိုက်တာအဆောက်အအုံတို့သည် တိုးတက်စည်ပင်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ပဒါန်းကျေးရွာကြီး၏ ထူးခြားချက်မှာ ဒေသခံတောင်သူများ စပါးစိုက်ပျိုးရိတ်သိမ်းခြွေလှေ့လုပ်ငန်းများကို ခေတ်မီစက်ကိရိယာများသုံးစွဲမှုနည်းပါးပြီး လူကိုယ်တိုင်စိုက်ပျိုးရိတ်သိမ်းခြင်း၊ လှည်းနွားဖြင့်ကောက်လှိုင်းတိုက်ခြင်း၊ နွားလှည်းဖြင့်တလင်းခေါက်ခြင်း၊ နွားများနှင့်စပါးခြွေခြင်း၊ လှေ့စင်ထောင်ပြီး စပါးလှေ့ခြင်းလုပ်ငန်းများအား ရှေးအစဉ်အလာမပျက် လုပ်ကိုင်ဆောင်ရွက်နေမှုကို ယနေ့တိုင်တွေ့မြင်နေရသည်။ ဒေသခံ ဦးမောင်ငယ်က "ကျွန်တော်တို့ဆီမှာ ခေတ်မီစက်ကိရိယာတွေကို ကျေးရွာတောင်သူတွေ ဝယ်မယ်ဆိုဝယ်နိုင်ကြပါတယ်။ ဒီနှစ်ထဲမှာတော့ တချို့တောင်သူတွေ ဝယ်ယူသုံးစွဲမှုပြုလာကြပါပြီ၊ ဒေသခံတောင်သူအများစုကတော့ ရှေးအစဉ်အလာမပျက် ယနေ့အထိ လုပ်ကိုင်ဆောင်ရွက်နေကြပါတယ်"ဟု ပြောပြသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ဆေးနှင့်ဆေးပစ္စည်းပေးအပ်ပွဲ မော်လိုက်၌ ကျင်းပ

**မော်လိုက် ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အခြေခံတိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြု ဆေးနှင့်ဆေးပစ္စည်းပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မော်လိုက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေအထောက်အပံ့ဖြင့် အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြု ဆေးနှင့်ဆေးပစ္စည်းအိတ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ရာ ကျေးရွာအုပ်စုအတွင်းမှ တက်ရောက်သော သင်တန်းသားများက ဆေးနှင့်ဆေးပစ္စည်း အိတ်အလုံး ၂၀ ကို လက်ခံရယူကြသည်။ အဆိုပါ ဆေးအိတ်တစ်အိတ်လျှင် ဆေးပစ္စည်း ၁၁ မျိုးပါဝင်ပြီး တန်ဖိုး ငွေကျပ် ၂၄၆၂၀ ရှိကြောင်းသိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဥတုရာသီ တောကိုမှီ၏

## တောင်ပေါ်ဒေသရှိ မူလတန်းကျောင်း ခြောက်ကျောင်းအား စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများထောက်ပံ့

**တောင်ငူ ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပညာရေးကွန်ရက်မှ နာယက ဆရာကြီးဦးစံတင် (တိုင်းပညာရေးမှူး-ငြိမ်း)၊ နာယက ဆရာဦးလှထွန်း၊ အတွင်းရေးမှူး ဦးနန္ဒတို့ ပါဝင်သော အဖွဲ့ဝင် ၁၁ ဦးသည် ဒီဇင်ဘာ ၁၃ ရက်က တောင်ငူ အရှေ့တောင်ပေါ်ဒေသ မူလတန်းကျောင်း ခြောက်ကျောင်းမှ ကျောင်းသားကျောင်းသူများအား စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံ အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ခြောက်သိန်းခန့်အား ကျောင်းများအရောက်ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ခဲ့သည့် တောင်ပေါ်ကျောင်းများမှာ ထုံးဘိုကြီး အမက၊ မွန်ကုန်း အမက၊ ထိုးဝါးချောင်း အမက၊ နံ့သာကုန်း အမက၊ ရွာတန်းရှည် အမကနှင့် လေးမိုင်အမှတ် (၂) ဘုန်းတော်ကြီးသင်စာသင်ကျောင်း စုစုပေါင်းခြောက်ကျောင်းတို့ဖြစ်ပြီး ကျောင်းသားကျောင်းသူ ၆၀၀ ကျော်တို့အတွက် ကျောင်းသားတစ်ဦးစီလျှင် ဗလာစာအုပ် ခြောက်အုပ်၊ ခဲတံ သုံးချောင်း၊ ပေတံတစ်ချောင်းစီတို့ကို ထောက်ပံ့ခဲ့ခြင်းဖြစ်ပြီး ကျောင်းဝတ်စုံ ၄၀ ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၄၇၂)**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**













ခြံရောင်းမည်

ရန်ကုန်-ပဲခူး လမ်းမကြီးပေါ်ရှိ (ဟံသာဝတီလေယာဉ်ကွင်းနှင့် အနီးဆုံးနေရာ၊ လေယာဉ်ခရီးသည်များ ဝင်/ထွက်မည့်လမ်းကြောင်းပေါ်ရှိပြီး) ခြံအကျယ်နှင့် ဟိုတယ်လုပ်ငန်းပါ အဆောက်အအုံ၊ ရောင်းရန်။ တစ်ဦးတည်းပိုင်၊ အရှုပ်အရှင်းကင်း၊ ဧရိယာ (၁. ၀၅ ဧက) (ညှိနှိုင်းဈေး)။ ဖုန်း- ၀၉-၇၃၀၀၈၈၅၇၊ ၀၉-၄၃၁၀၆၇၃၇






# အထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော်၊ ကျွန်မများ၏ မိခင်ကြီး အင်္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်နွဲ့ရီ ၂၀၁၃ခုနှစ် စတင်မကျန်းမာစဉ် မှစ၍ ဂရုတစိုက် ပြုစုကုသမှုပေးခဲ့သော ပါမောက္ခဆရာဝန်ကြီး ဒေါက်တာဦးမျိုးသွယ်နှင့်ဇနီး မိသားစုများ အားလည်းကောင်း၊ S.S.C ဆေးရုံမှ ပိုင်ရှင်နှင့် ဆရာဝန်၊ ဆရာမ ဝန်ထမ်းများအားလည်းကောင်း၊ စင်္ကာပူနိုင်ငံ Mt.Elizabeth ဆေးရုံမှ သမားတော်ကြီးများ နှင့် ဆရာဝန်၊ ဆရာမများ အားလည်းကောင်း၊ စင်္ကာပူနိုင်ငံတွင် ဆေးကုသမှုခံယူစဉ်၌ အဆက်အဆက်မှုလိုလေသေးမရှိအောင် ကူညီစောင့်ရှောက်ပေးသော အန်ကယ်ဦးကြီးခင်း နှင့်ဇနီးအန်တီဒေါ်ရင်ရင် မိသားစုအား လည်းကောင်း၊ စင်္ကာပူနိုင်ငံ P.L. International Company Limited မှ Board of Director အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မိခင်ကြီးကျန်းမာရေးအတွက် လိုအပ် သည်များကို ကူညီပေးသော စင်္ကာပူနိုင်ငံမှ ညီအစ်ကို မောင်နှမမိတ်ဆွေများအား လည်းကောင်း၊ မိခင်ကြီးအား မြန်မာနိုင်ငံ၌ အိမ်တိုင်ရာရောက် လာရောက်ကြည့်ရှုစောင့်ရှောက် ပေးကြသော ပါမောက္ခ သမားတော်ကြီးများအား လည်းကောင်း၊ အမျိုးသားဆေးလျှာအဖွဲ့မှ ဘာဝန်စံဆရာဝန်ကြီးနှင့် ဝန်ထမ်းများ အားလည်းကောင်း၊ SML Dialysis Center မှပိုင်ရှင်နှင့် ဝန်ထမ်းများအား လည်းကောင်း၊ မိခင်ကြီး၏ ဈာပနအခမ်းအနားတွင်အဆက်ဆက်မှုလိုလေသေး မရှိအောင် အကောင်းဆုံး၊ အလှပဆုံးဖြစ်အောင် ဖန်တီး ပေးပါသော ဦးကိုကြီး၊ ဦးမင်းလွင်တို့အား လည်းကောင်း၊ မိခင်ကြီး၏ ဈာပနကိစ္စတွင် မိသားစုနှင့် ထပ်တူ ထပ်မျှခံစားပြီး လူကိုယ်တိုင် ကြွရောက်၍သော်လည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ သတင်းစဉ်းနှင့် လှူဖွယ် ပစ္စည်းများ ပေးပို့သော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေ သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် မလာ ရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့်ဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ စာတသတင်းမေးကြပါသော နိုင်ငံ အသီးသီး၊ အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသင်္ဂဟများအား လည်းကောင်း၊ မိခင်ကြီး၏ ဈာပနအခမ်းအနား တွင် အဆက်အဆက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော အနိုးရဌာန ဆိုင်ရာအသီးသီးမှ အကြီးအကဲများနှင့် ဝန်ထမ်းများအား လည်းကောင်း၊ ရေဝေးသုသာန်မှူးနှင့်တကွ ဝန်ထမ်းများအားလုံးကို လည်းကောင်း ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်

ရန်ကုန် ဒီဇင်ဘာ ၁၆

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ House of Representative ဥက္ကဋ္ဌ H.E.Mr. Marzuki Alie နှင့် ကမ္ဘောဒီးယားနိုင်ငံ National Assembly ဥက္ကဋ္ဌ H.E.Mr.Samdech Akka Moha Ponhea Chakrei HENG SAMRIN တို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**

## နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

| နိုင်ငံ | ရွှေ | ငွေ | ကြေး |
|---|---|---|---|
| ထိုင်း | ၅၉ | ၄၅ | ၄၉ |
| ဗီယက်နမ် | ၄၃ | ၃၆ | ၄၃ |
| မြန်မာ | ၃၉ | ၃၈ | ၄၁ |
| အင်ဒိုနီးရှား | ၃၈ | ၅၁ | ၅၀ |
| မလေးရှား | ၂၅ | ၂၃ | ၄၆ |
| စင်ကာပူ | ၂၀ | ၁၉ | ၂၉ |
| ဖိလစ်ပိုင် | ၁၂ | ၁၈ | ၂၄ |
| ကမ္ဘောဒီးယား | ၄ | ၇ | ၁၂ |
| လာအို | ၃ | ၆ | ၂၀ |
| ဘရူနိုင်း | ၁ | ၁ | ၄ |
| တီမော | ၀ | ၀ | ၁ |

# အင်းလေးကန်ဘေးမဲ့တောသို့ ဆောင်းခိုငှက်များလာရောက်ကျက်စားလျက်ရှိ

**ညောင်ရွှေ ဒီဇင်ဘာ ၁၆**

အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုဖြစ်သော အင်းလေးကန်သည် ရေချိုရေတိမ်ဒေသဂေဟစနစ်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲများ စုံလင်ရာနေရာဒေသတစ်ခုဖြစ်သည်။ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ နှစ်စဉ် ဆောင်းခိုငှက်များလာရောက်၍ ဌာနေငှက်များနှင့်အတူ နေထိုင်ကျက်စားလျက်ရှိရာ နှစ်စဉ် နိုဝင်ဘာ၊ ဒီဇင်ဘာလမှစ၍ မတ်လခန့်အထိ လာရောက်ဆောင်းခိုလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာလအထိ အင်းလေးကန်ဘေးမဲ့တောအတွင်း မှတ်တမ်းတင်ပြီးဒေသခံရေပျော်ငှက် ၂၁ မျိုး (အကောင်ရေ ၂၃၆၈ ကောင်)၊ ဆောင်းခိုရေပျော်ငှက်မျိုးစိတ်ပေါင်း ၁၆ မျိုး၊ (အကောင်ရေ ၆၃၂၆ ကောင်) စုစုပေါင်း ရေပျော်ငှက်မျိုးစိတ် ၃၇ မျိုး (အကောင်ရေ ၈၆၉၄ ကောင်) မှတ်တမ်းတင်ဆောင်ရွက်ခဲ့ကြောင်း အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အင်းလေးကန်အတွင်း ကျက်စားနေထိုင်လျက်ရှိသည့် ဆောင်းခိုငှက်များ၊ ဌာနေငှက်များ၊ ကုန်းနေရေနေသတ္တဝါများ၊ သဘာဝသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ပေးရန်လိုကြောင်း အင်းလေးကန်ဘေးမဲ့တောမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အင်းလေးကန်သည် သက်ရှိသက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝမှုကြောင့် ပြည်တွင်းပြည်ပ ဧည့်သည်များ၊ သုတေသနပညာရှင်များ စိတ်ဝင်စားရာနယ်မြေတစ်ခုဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်(ညောင်ရွှေ)**



# သားရှင်ပြုအလှူပွဲတွင် ဆင်ကြီးများကို ငှားရမ်းအသုံးပြု

စာမျက်နှာ » ၃

# မြန်မာအမျိုးသားဘောလုံးအသင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာအမျိုးသားဘောလုံးအသင်း အုပ်စုနောက်ဆုံးပွဲစဉ်တွင် အင်ဒိုနီးရှား အမျိုးသားဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ အမှတ်ချင်းတူ ဂိုးကွာခြားချက် အသာရခဲ့သော်လည်း Head to Head စည်းမျဉ်းအရ အုပ်စုပွဲစဉ်မှပင် ထွက်ခဲ့ရပြီးနောက် မြန်မာဘောလုံးအသင်းနည်းပြ ပတ်ဆောင်ဟွာက အဆိုပါ Head to Head စည်းမျဉ်းရှိကြောင်း ဘောလုံးပွဲအချိန် မိနစ် ၉၀ ရောက်မှသာ အင်ဒိုနီးရှားအသင်းသားများ ပျော်ရွှင်နေသည်ကိုတွေ့မှ သိရကြောင်း ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အင်ဒိုနီးရှားကို ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ပတ်ဆောင်ဟွာသည် မြန်မာဘောလုံးအသင်း၌ အရန်ကစားသမားအများစုကိုသာ ထည့်သွင်းအသုံးပြုခဲ့ခြင်းဖြစ်ပြီး ထိုကဲ့သို့ ရှုံးနိမ့်မှုနှင့်ပတ်သက်၍ "ကျွန်တော်က ဆီမီးဖိုင်နယ်မှာ ရှုံးရင် ဘယ်အသင်း၊ နိုင်ရင်

**စာမျက်နှာ ၉ ကော်လံ ၂ သို့ ❂**







(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ

အားကစားပြိုင်ပွဲ

အထူးထုတ်

(၄၄)နှစ်တွင် တစ်ကြိမ် ပြန်လည်ကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဂုဏ်ပြုပါသည်။ ၁၇ - ၁၂ - ၂၀၁၃ (အင်္ဂါနေ့)

# ရေကူးပြိုင်ပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၆**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကျင်းပလျက်ရှိရာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ရေကူးအားကစားရုံ၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ရေးကူးပြိုင်ပွဲကို ကျင်းပရာ ရှေးဦးစွာအကဲဖြတ်ဒိုင်များ ကွင်းအတွင်းသို့ဝင်ရောက်နေရာယူပြီး ရေကူးပြိုင်ပွဲများကို စတင်ယှဉ်ပြိုင်ကျင်းပသည်။

အမျိုးသားပွဲစဉ်များတွင် မီတာ ၂၀၀ အလွတ်ရေကူးပြိုင်ပွဲ၊ မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲနှင့် အမျိုးသမီးပွဲစဉ်များတွင် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲတို့ကို ကျင်းပခဲ့သည်။ ယင်းရေကူးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မင်းသုခ၊ ဝင်းထက်ဦး၊ သီဟအောင်၊ အိအိထက်၊ ကေဇင်ဝင်း၊ ရွှန်းလဲ့မော်ဦးနှင့် ခန့်ခန့်စုစံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

## မာရသွန်ပွဲတွင် သောင်းအေး၊ မြင့်မြင့်အေးနှင့် ပပတို့က ငွေ၊ ကြေးများ ရယူပေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီး၏ အမျိုးသားမာရသွန်ပြိုင်ပွဲကြီး၌ မြန်မာအားကစားသမားသောင်းအေးက ငွေဆုဆွတ်ခူးပေးနိုင်သကဲ့သို့ အမျိုးသမီးမာရသွန်ပြိုင်ပွဲကြီးတွင်လည်း မြန်မာအားကစားမယ် မြင့်မြင့်အေးနှင့် ပပတို့က ငွေနှင့် ကြေးဆုများ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အမျိုးသားမာရသွန်ပြိုင်ပွဲတွင် ပထမဆု ရွှေတံဆိပ်ကို စင်ကာပူနိုင်ငံက ဆွတ်ခူးရရှိခဲ့ပြီး ဒုတိယကို မြန်မာနိုင်ငံမှ သောင်းအေးကရရှိကာ တတိယဆုကို ဖိလစ်ပိုင်မှ ရရှိခဲ့ကြသည်။ အမျိုးသမီးမာရသွန်ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံက ရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ မြင့်မြင့်အေးနှင့် ပပတို့က ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုများ ဆွတ်ခူးပေးနိုင်ခဲ့သည်။ **ကိုကိုနေ**

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို LED ဘုတ်များဖြင့် ပြသ

**မန္တလေး ဒီဇင်ဘာ ၁၆**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အားကစားနည်းအလိုက် ပြိုင်ပွဲများကိုနေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့တွင် ဒီဇင်ဘာ ၁၀ ရက်မှ ၂၂ ရက်ထိ ကျင်းပလျက်ရှိရာ အားကစားပြိုင်ပွဲ ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီ၊ Sky Net တို့မှ တိုက်ရိုက်ထုတ်လွှင့်လျက်ရှိသည်။

မန္တလေးမြို့ရှိ ပြည်သူများ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲများ အပါအဝင် အားကစားနည်း ၃၃ မျိုး ယှဉ်ပြိုင်ကစားပုံ၊ ဆုချီးမြှင့်ပုံတို့ကို Super Coffee ၏ ပံ့ပိုးကူညီမှုဖြင့် မန္တလေးဘူတာကြီးအနီး၌ LED ဘုတ် နှစ်ခု၊ ချမ်းအေးသာစံမြို့နယ်(၂၆)လမ်းနှင့် (၆၆)လမ်းဆုံ၌ LED ဘုတ်တစ်ခုနှင့် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ် အားကစားကွင်း၌ ခေတ်မီ LED ဘုတ်တစ်ခု တပ်ဆင်ကာ ပြည်သူများအား အခမဲ့ပြသလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့လိုက် ကီလိုမီတာ ၁၀၀ တာဝေး စက်ဘီးစီးပြိုင်ပွဲ ကျင်းပနေသည်ကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းကတွေ့ရပြီး ယင်းပြိုင်ပွဲကို နေပြည်တော်ရှိ နင်းဆီပန်းအဝိုင်းမှ စတင်တာထွက်ကာ ရာဇဌာနီလမ်းတစ်လျှောက်မှ ကင်းသာ ရေပူစမ်းအထိ ကီလိုမီတာ ၁၀၀ စီးနင်းကြသည်။

ဓာတ်ပုံ - ဟိန်းထက်

# မာရသွန်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဆုတံဆိပ်သုံးခုရရှိ



**နေပြည်တော်  ဒီဇင်ဘာ  ၁၆**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ပြေးခုန်ပစ်ပြိုင်ပွဲများကို ဒုတိယမြောက်နေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိသည်။ ယနေ့ပွဲစဉ်အရ မာရသွန်ပြိုင်ပွဲကို နံနက် ၆ နာရီခွဲတွင် အမျိုးသား၊ အမျိုးသမီးအုပ်စုလိုက်ပေါင်း၍ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းကြီးအတွင်းမှစတင်၍ ပန်းတိုင်သတ်မှတ်ပြီး တာလွှတ်ခဲ့သည်။ အမျိုးသားအုပ်စုတွင် မြန်မာ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနိုင်ငံတို့ပါဝင်ပြီး အမျိုးသမီးအုပ်စုတွင် မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တီမောနိုင်ငံတို့ပါဝင်သည်။ အမျိုးသားအုပ်စုတွင် စင်ကာပူနိုင်ငံမှ YING REN MOK က စံချိန် ၂ နာရီ ၂၈ မိနစ် ၃၆ စက္ကန့်နှင့် ပထမရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ သောင်းအေးက ၂ နာရီ ၂၉ မိနစ် ၅၀ စက္ကန့်နှင့် ဒုတိယ ငွေတံဆိပ်၊ ဖိလစ်ပိုင်နိုင်ငံမှ ERIC PANLQUE က ၂ နာရီ ၃၀ မိနစ် ၃၀ စက္ကန့်နှင့် တတိယကြေးတံဆိပ်တို့ ရရှိသွားသည်။ အမျိုးသမီးအုပ်စုတွင် ဗီယက်နမ်နိုင်ငံမှ THI BINH PHAM က ၂ နာရီ ၄၅ မိနစ် ၃၄ စက္ကန့်နှင့် ပထမရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ မြင့်မြင့်အေးက ၂ နာရီ ၄၆ မိနစ် ၀၇ စက္ကန့်နှင့် ဒုတိယငွေတံဆိပ်၊ မြန်မာနိုင်ငံမှ ပပ က ၂ နာရီ ၄၉ မိနစ် ၀၁ စက္ကန့်နှင့် တတိယကြေးတံဆိပ်တို့ အသီးသီးရရှိသွားခဲ့သည်။ ယခုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်သုံးခုရရှိခဲ့ကြောင်းသိရသည်။

**အောင်နိုင်(မျှော်သီရိ)**



## ပြေးခုန်ပစ် အားကစားဆုရှင်များအတွက် ထူးကုမ္ပဏီက ဂုဏ်ပြုဆုငွေများပေး

**နေပြည်တော်  ဒီဇင်ဘာ  ၁၆**

ဒီဇင်ဘာ ၁၅ ရက်က လမ်းလျှောက်ပြိုင်ပွဲ ၂၀ ကီလိုမီတာပွဲတွင် အရှေ့တောင်အာရှ စံချိန်သစ်တင်ကာ ရွှေဆုရရှိခဲ့သူ မြန်မာနိုင်ငံမှ စောမာလာနွယ်အတွက် ထူးကုမ္ပဏီက ငွေကျပ်သိန်း ၃၀၀ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ စောမာလာနွယ်အပြင် အခြားသောပြေးခုန်ပစ်အားကစားသမားများ ရွှေဆုများအသီးသီး ဆွတ်ခူးနိုင်ပါကလည်း အားကစားသမားများအား ချီးမြှင့်ငွေကျပ် တစ်ဦးလျှင် သိန်း ၃၀၀ သတ်မှတ်ထားကြောင်းသိရသည်။

**ကိုကိုနေ**

## မွေအားကစားနည်းဖြင့် ရွှေဆုလေးခုရယူရန် မျှော်မှန်း

**နေပြည်တော်  ဒီဇင်ဘာ  ၁၆**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ မွေအားကစားနည်းပွဲစဉ်များကို ဒီဇင်ဘာ ၁၇ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း စတင်ယှဉ်ပြိုင်ကြတော့မည်ဖြစ်သည်။ မွေအားကစားနည်းဖြင့် မြန်မာနိုင်ငံမှ ရွှေဆုအနည်းဆုံး လေးခု မျှော်မှန်းထားပြီး ယှဉ်ပြိုင်ဘက်ဖြစ်သည့် ထိုင်းနိုင်ငံမှ အားကစားသမားများနှင့် ဗီယက်နမ်ကစားသမားများကို အနည်းငယ်စိုးရိမ်မှုများရှိနေသော်လည်း ပြည်တွင်းရှိ အားကစားသမားများအတွက် လေ့ကျင့်မှုများကို အားရကျေနပ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူက ပြောကြားသည်။

လက်ဝှေ့ပြိုင်ပွဲများကျင်းပရာ အားကစားရုံအတွင်း မွေအားကစားယှဉ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

"လေ့ကျင့်မှုအားကောင်းပြီး အိမ်ရှင်ဖြစ်တဲ့ မြန်မာအားကစားသမားတွေနဲ့ ယှဉ်ပြိုင်ရာမှာ စိုးရိမ်မှုအနည်းငယ်တော့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မွေကနေ ရွှေအနည်းဆုံး သုံးခုအထိ မျှော်လင့်ထားပါတယ်" ဟု အင်ဒိုနီးရှား မွေအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောကြားသည်။

လူကြိုက်များသည့် အားကစားနည်းများထဲတွင် မွေအားကစားနည်းလည်း တစ်ခုအပါအဝင်ဖြစ်ပြီး လက်ဝှေ့ပြိုင်ပွဲများနည်းတူ အားပေးသူပရိသတ်များပြားမည့်ပွဲစဉ်တစ်ခုဖြစ်လာနိုင်ကြောင်း မွေအားကစားသမားတစ်ဦးက ပြောကြားသည်။

**သတင်း - ကိုကိုနေ**

### ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁၆ ရက်နေ့ အားကစားပြိုင်ပွဲအထူးထုတ် စာမျက်နှာ (၄)တွင် အမျိုးသမီးဘော်လီဘောပွဲစဉ်တွင် ဗီယက်နမ်အမျိုးသမီးအသင်းက အင်ဒိုနီးရှားအမျိုးသမီးအသင်းကို (၂၅-၁၃)၊ (၂၅-၁၄)၊ (၂၅-၂၃)ဖြင့် လည်းကောင်း၊ အမျိုးသားဘော်လီဘောပွဲစဉ်တွင် ထိုင်းအမျိုးသားအသင်းနှင့် ကမ္ဘောဒီးယားအမျိုးသားအသင်းတို့ပွဲစဉ်တွင် ထိုင်းအသင်းက အနိုင်ရရှိသွားသည်ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ စံချိန်လုစက်ဘီးစီးပြိုင်ပွဲတွင် ထိုင်းစက်ဘီးစီးအားကစားသမားတစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ - အေးမင်းစိုး

**ဖခင်အမည်မှန်**

အထက(၆)ပုသိမ် ကျောင်းဝင်အမှတ်(၂၃၉၂၂) Grade X A မှ မမြတ်နိုးထက်၏ ဖခင်အမည်မှန်မှာ ဦးစိစ်ဌေး[၁၄/ပသန(နိုင်)၁၄၈၇၄၆]ဖြစ်ပါသည်။

## မန္တလေး ဒေသကောလိပ် ဆရာကန်တော့ပွဲ နှင့် မိတ်ဆုံစားပွဲ

ဇန်နဝါရီ - ၂၀၁၄

Event Sponsor

## ဘိုကလေး အထက(၁) အာစရိယပူဇော်မည်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား နှစ်စဉ် အစဉ်အလာမပျက် (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၅ ရက် ညနေ ၄ နာရီတွင် ၎င်းကျောင်း အောင်ဆန်းခန်းမ၌ ပူဇော်ကန်တော့ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကန်တော့ခံပေးပါရန်နှင့် ဘိုကလေးအသင်းရှေ့မှ ၄-၁-၂၀၁၄ ရက် နံနက် ၈ နာရီတွင် ကားထွက်မည်ဖြစ်ပါသဖြင့် အသင်းရုံး ဖုန်း-၀၁-၂၁၂၅၀၈ သို့ ၃-၁-၂၀၁၄ ရက် နောက်ဆုံးထားပြီး ဆက်သွယ်စာရင်းပေးသွင်းပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။ **အောက်ပါပုဂ္ဂိုလ်များနှင့် ဘဏ်စာရင်းများ**

| | |
|---|---|
| (၁) ဦးလှသန်းဦး(ဥက္ကဋ္ဌ) | ဖုန်း-၀၉ ၅၀၅၄၆၇ |
| (၂) ဦးတင်မောင်ပြုံး(အတွင်းရေးမှူး) | ဖုန်း-၀၉ ၈၅၉၅၆၃၉ |
| (၃) ဒေါ်နီလာအောင်(ဘဏ္ဍာရေးမှူး) | ဖုန်း-၀၉ ၈၅၉၅၁၀၀ |
| (၄) ဦးစောဝေ(ဘိုကလေးအသင်းဥက္ကဋ္ဌ) | ဖုန်း-၀၉ ၈၆၅၀၄၂၄ |
| (၅) ဦးဝင်းမြင့် (ဘိုကလေးအသင်း အတွင်းရေးမှူး) | ဖုန်း-၀၉ ၅၁၀၅၈၀၆ |
| (၆) ရွှေဆောင်ဘဏ် (စာရင်းအမှတ်) | ၀၂၀၀၉၀၂၀၀၀၀၀၉၄၆၉ |
| (၇) ကမ္ဘာရတနာဘဏ် (စာရင်းအမှတ်) | ၀၁၂၁၂၂၀၀၀၃၅၈၂ |

ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## အလက(၈) မရမ်းကုန်း ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အလက(၈)မရမ်းကုန်း (ယခင် အမက-၂၂ မရမ်းကုန်း)ကျောင်းတွင် ၁၉၈၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်(တနင်္ဂနွေနေ့)တွင် အလက(၈) မရမ်းကုန်း စိန်ပန်းခန်းမတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသောကြောင့် ပညာသင်ကြားပို့ချပေးခဲ့သော၊ ပေးနေဆဲ ဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ပေးကြပါရန်နှင့် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ပြည်တွင်း၊ ပြည်ပရှိ ကျောင်းသား/သူဟောင်းများ စိတ်အားထက်သန်စွာ ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်-ဆရာမဒေါ်ခင်မြင့်(ငြိမ်း)ဖုန်း-၀၁-၆၆၃၉၃၂/၀၉ ၄၉၃၁၀၄၀၂၊ ဆရာဦးညိုစိန်ထွန်း ဖုန်း-၀၉-၄၄၈၀၃၈၁၀၉၊ ကိုမြင့်ဆန်းဦး ဖုန်း-၀၉ ၄၄၈၀၃၈၁၁၀၊ ကိုဝင်းဆန်းထွေး ဖုန်း-၀၉ ၇၃၀၆၇၁၀၅၊ ကိုရဲနိုင်ဝင်း ဖုန်း-၀၉-၄၄၈၅၃၃၇၆၄**

## လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၃ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ရာ အသက်(၈၀)နှစ်နှင့်အထက် သက်ကြီးအသင်းဝင်များ၊ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရအသင်းဝင် သားသမီးများသည် ၃၁-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ အထောက်အထားများဖြင့် စာရင်းပေးသွင်းနိုင်ပြီး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်အစီအစဉ်-**

နေ့ရက် - ၅-၁-၂၀၁၄ ရက်(တနင်္ဂနွေနေ့)
အချိန် - ၁နာရီ
နေရာ - အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်(မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ-၇၇) စဉ့်ငူရပ်၊ အင်းစိန်

**ဆက်သွယ်ရန်-ဦးတင်စိုး ဖုန်း-၀၁ ၅၂၆၀၀၆၊ ဦးကြီးမြင့် ၀၉-၅၀၈၀၈၅၅၊ ဦးနေဝင်း ၀၁-၃၇၁၃၆၆၊ ဦးကျော်မြင့် ၀၉-၅၄၀၁၀၉၆၊ ဦးမြင့်ဝေ ၀၁-၆၈၇၅၇၅၊ ဦးသိန်း ၀၉-၄၂၀၀၉၆၉၂၀**

## နီလာ

Eastern Princess Travels & Tours

Jan 1, Feb : 12

Feb : 12

## ဆရာကြီးဗိုလ်ကာဇ ဒေါ်ခင်ဝေ အား

## ကားရောင်းမည်

Mazda Bongo, Light truck
1 ton, MT, ဒီဇယ်,စတီ, 2008
price-122 သိန်း

**ဖုန်း-၀၉-၅၁၂၄၇၆၅၊ ၀၉-၅၁၀၅၃၆၈**

## အကြောင်းကြားပေးပါရန်

ကျွန်တော် ဦးမျိုးဦးဇော်[၁၂/တမန(နိုင်)၀၉၄၀၂၁]၏ M-612532 မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၇၉၉၇၉**

## အိမ်ငှားမည်

စမ်းချောင်းမြို့နယ်အတွင်းရှိ စမ်းချောင်းလမ်းနှင့် သုခမိန်လမ်းထောင့်ရှိ (ပ)ထပ် ပေ(၂၅×၄၅)၊ ကုမ္ပဏီရုံးခန်းဖွင့်ရန်နှင့် စီးပွားရေးလုပ်ရန် သင့်တော်သည်။

**ဖုန်း-၀၉-၈၆၁၂၄၄၉၊ ၀၉-၄၂၀၀၅၈၉၆၆**

## ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိ
မြေကွက်များ ဝယ်လိုသည်။

**ဖုန်း-၄၃၀၉၁၅၂၇**

## ကန့်ကွက်နိုင်ပါသည်

## Education for All

KMD
Quality Management System ISO 9001:2008

**Web Development with PHP** — Duration : 70 Hours

**Java Programming** — Duration : 70 Hours

**Mobile Programming With Android Platform** — Duration : 70 Hours

**C# for App & Web** — Duration : 150 Hours

**Object Oriented Programming with C++**

Management & Accountancy Training

Sage 300 ERP — Computerized Accounting

MYOB — Computerized Accounting

EXCEL for Accountants

M7C

Business Management Courses (Trial Period), YANGON

| Subject | Time | Training Period | Language |
|---|---|---|---|
| 1.Business Plan-1 | 8:30 – 12:00 | Mon,Wed,Fri (Jan 13-31) | English |
| 2.Business Plan-2 | 13:00 – 18:00 | Sat,Sun (Jan 18-Feb 2) | Myanmar |
| 3.Marketing -1 | 8:00 – 12:00 | Tue,Thur (Jan 21-Feb 13) | English |
| 4.Marketing -2 | 13:00 – 18:00 | Sat,Sun (Jan 25-Feb 9) | Myanmar |
| 5.Quality & Production | 13:30 – 17:00 | Mon,Wed,Fri (Jan 13-31) | Myanmar |
| 6.Finance&Accounting | 13:30 – 17:30 | Mon,Tue,Thur (Jan 13-31) | Myanmar |
| 7.Human Resource -1 | 8:00 – 12:00 | Mon,Tue,Wed (Jan 20-31) | Myanmar |
| 8.Human Resource -2 | 13:30 – 18:30 | Tue,Wed,Thur (Feb 11-20) | English |

ဦးဇော်မြင့် B.A (Korean) Y.U.F.L

E.P.S TOPIK

MYANMAR THAMES INTERNATIONAL (MTI)

Diploma In Business (L4DB, L5DB)

NCC Education (UK) မှတိုက်ရိုက်ပေးအပ်သော Diploma လက်မှတ်ရရှိပါမည်။

2nd Floor, Myay Ni Gone Plaza, Tel: 525971,706740,501450


## တင်ဒါခေါ်ယူခြင်း

Mother Industrial Co., Ltd. သည် (၃၅)ကျင်းပါ သံကိုယ်ထည်သဲရေယာဉ်များ (Powered Sand Barge)ကို ရေယာဉ်တည်ဆောက်ခွင့်လက်ကိုင်ရှိပြီး တာဝန်ယူတည်ဆောက်ပေးသွင်းရန် ကျွမ်းကျင်သူလုပ်ငန်းရှင်များထံမှ တည်ဆောက်ဝယ်ယူလိုပါသည်။

အသေးစိတ်အချက်အလက်များ ပါဝင်သည့်တင်ဒါပုံစံကို အောက်ပါလိပ်စာပါဌာနတွင် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းလွှာကို ၆-၁-၂၀၁၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာများ တင်ဒါတင်သွင်းနိုင်ပါသည်။

**မန်နေဂျင်းဒါရိုက်တာ**
**Mother Industrial Co., Ltd.**
**အမှတ်(၄)လမ်းမကြီးနှင့် ရွှေပြည်သာတံတားလမ်းထောင့်၊ အင်းစိန်မြို့နယ် (တည်ဆောက်ကုန်းအုတ်စက်ရုံ)။**
**ဖုန်း- ၀၁-၆၄၂၃၅၈**

## တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု




TOP

KK

01-642028, 642065, 248036
01-386756, 09-73151666

EDE

OBD-II

Scan Tools

Engine Doctor Engineering

# စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၆/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-134(2013-2014) | Spares for AB 100 Well Servicing Truck | (2) Items | US$ |
| (၂) | IFB-135(2013-2014) | Spares for Blow Out Preventer Ex ZJ 70 L Drilling Rigs | (5) Items | US$ |
| (၃) | IFB-136(2013-2014) | Universal Fuel Pump Test Stand | (1) No | US$ |
| (၄) | IFB-137(2013-2014) | 5 Ton Excavator (0.16 m3) | (2) Units | US$ |
| (၅) | IFB-138(2013-2014) | 25 Ton Excavator (1.2 m3) | (2) Units | US$ |
| (၆) | IFB-139(2013-2014) | Rig Air Compressor | (1) Unit | US$ |
| (၇) | IFB-140(2013-2014) | 30 Ton Crawler Crane | (1) Unit | US$ |
| (၈) | IFB-141(2013-2014) | 8"& 6 1/2" Spiral Drill Collar | (2) Items | US$ |
| (၉) | IFB-142(2013-2014) | Welding Electrode E 6011(30 Ton) | (1) Lot | US$ |
| (၁၀) | IFB-143(2013-2014) | Spares for CAT D379 & CAT D399 Engines | (5) Items | US$ |
| (၁၁) | IFB-144(2013-2014) | Drawworks Main Drum Brake Shoe Lining | (9) Items | US$ |
| (၁၂) | IFB-145(2013-2014) | Portable Welding Machine with Complete Accessories(300AMP, Diesel Engine Driven) | (4) Units | US$ |
| (၁၃) | IFB-146(2013-2014) | Heat Shrinkable Sleeve(1200 Rolls) Closure Patches(25000 Nos) | (4) Items | US$ |
| (၁၄) | DMP/L-044(2013-2014) | Spares for F 1000 Rig Pump Ex D3T2 SR I & II | (11) Items | KS |
| (၁၅) | DMP/L-045(2013-2014) | Rotor Seals for ZJ 70 L SR I &II | (10) Items | KS |
| (၁၆) | DMP/L-046(2013-2014) | Electrical Spares for Caterpillar Gas Engine Lighting Set | (4) Items | KS |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၃-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

# မွေးနေ့ပူဇာဖိတ်ကြားလွှာ

ရန်ကုန်မြို့၊မှော်ဘီမြို့နယ်၊ဝါးနက်ချောင်းကြီးကျေးရွာ
ဗောဓိရိပ်ငြိမ် တောရဆရာတော်
ဘဒ္ဒန္တကုန္ဒာစရိယ(ဗုဒ္ဓေါရသ)
၏
သက်တော်(၅၀)ပြည့် မွေးနေ့မင်္ဂလာပူဇာသဘင်ကို
၂၅-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ဆင်ယင်ကျင်းပလှူဒါန်းမည်ဖြစ်ပါ၍
ဓမ္မမိတ်ဆွေအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**ဒါယကာ၊ ဒါယိကာမများ**
**ဗောဓိရိပ်ငြိမ်တောရမှော်ဘီ**

# “မုံလယ် ဒီဇင်ဘာလ တရားစခန်းပွဲ”

မိုးကုတ် ဝိပဿနာပြန့်ပွားရေး မုံလယ်တောရ ဓမ္မရိပ်သာအမှတ်(၁)တိုက်ခွဲ (၁၀)မိုင်ကုန်း၊ ပဲခူးမြို့တွင်“(၇)ရက်တရားစခန်းပွဲ”ကို ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယမုံလယ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၁၃၇၅ ခုနှစ်၊နတ်တော်လပြည့်ကျော်၈ရက်မှ၁၄ရက်)အထိ၊ ၂၅-၁၂-၂၀၁၃ရက်မှ ၃၁-၁၂-၂၀၁၃ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် အိပ်ယာလိပ်၊ အခင်း၊ အဝတ်အစားအပြည့်အစုံ၊ မှတ်ပုံတင်မူရင်းနှင့် ယောဂီတဘက်တို့ယူဆောင်လျက် ၂၄-၁၂-၂၀၁၃ရက် နံနက် ၇ နာရီထက်မစော၊ ညနေ ၄ နာရီထက် နောက်မကျစေဘဲ တရားစခန်းသို့ရောက်ရှိရပါမည်။ ဒုလ္လဘရဟန်းသာမဏေနှင့် ဒုလ္လဘသီလရှင်များ လက်မခံပါ။

**အကြောင်းစုံသိလိုပါက-**
**ဖုန်း ၀၉-၈၆၅၀၉၄၇၊ ၀၉-၄၂၅၀၁၅၉၁၅၊ ၀၉-၅၀၇၉၂၄၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုရှေ့နေချုပ် **ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်** သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ခုနှစ် အပြည်ပြည် ဆိုင်ရာဥပဒေပညာရှင်ဂုဏ်ထူးဆောင်ဆု (International Jurists Award -2013)ကိုချီးမြှင့်ခံရသည့်အတွက်ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း။

**ဥပဒေချုပ်၊ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ**
**ချင်းပြည်နယ်ဥပဒေချုပ်ရုံး**









# (အလောင်းမင်းတရားကြီး၏ သစ္စာစကား)

ငါသည် တိုင်းပြည်အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးကို တစ်ဖက်ပြိုင်ဘက်ထက် ပိုမိုဆောင်ရွက်နိုင်သူဖြစ်ပါက ငါအနိုင်ရရှိပါစေ။ တစ်ဖက်ပြိုင်ဘက်သည် ငါ့ထက်ပိုပြီး တိုင်းပြည်အကျိုး အမျိုးဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်နိုင်သူဖြစ်ပါက သူအနိုင်ရရှိပါစေ။

**မေတ္တာရှင်ရွှေပြည်သာ၏**
**“စိတ္တ သတ္တိ”နှင့်**
**စာရေးဆရာ (၂၇)ဦး၏**
**“ဒေါင်းခြေရာ”စာစုများ။**
**ရွှေပြည်သာစာပေမှ ထွက်နေပါပြီ။**
**တန်ဖိုး ၁၅၀၀/-**
**ဖုန်း-၀၁-၆၁၁၆၂၂၊ ၀၁-၆၁၁၄၅၇**

# မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း (MPEA)၏ အလုပ်အမှုဆောင်အဆိုပြုလွှာအမည်စာရင်း တောင်းခံခြင်း

မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း (MPEA)၏ နှစ်ပတ်လည် အစည်းအဝေးကို ၃၀-၁၂-၂၀၁၃ရက် (တနင်္လာနေ့)တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းနှစ်ပတ်လည်အစည်းအဝေးနှင့်အတူ အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲကို ပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များဖြစ်သည့် ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အသင်း၏ အလုပ်အမှုဆောင်တာဝန်ဆောင်ရွက်ရန်ဆန္ဒရှိပါက ၂၀-၁၂-၂၀၁၃ရက်(သောကြာနေ့) နောက်ဆုံးထားပြီးအသင်း (မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဒုတိယထပ်၊ ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့်)သို့ အဆိုပြုလွှာများ ပေးပို့ပါရန် လေးစားစွာဖိတ်ခေါ် အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း**




